မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ဇနီးအား ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ကြိုဆို

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpraditနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

နိုင်ငံတော်က အားထားရမည့် အတတ်ပညာရှင်များပေါ်ထွန်းရေး နည်းပညာကျောင်းသားကျောင်းသူများ ကြိုးပမ်းစွမ်းဆောင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ် (မုံရွာ) ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီလ ၂၆ရက်နေ့က ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အနာဂတ်အရေးအတွက် အမျိုးသားပညာရည်မြင့်မား ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၌ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး အစီအမံများဖြစ်သည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်အောင် ပြုစုပျိုးထောင်လျက် ရှိသည်။

နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပညာရေးကဏ္ဍကို ပြောင်းလဲမြှင့်တင်ခြင်းနှင့်အတူ အဆင့်မြင့်ပညာကဏ္ဍကိုပါ ပြောင်းလဲပေးခဲ့သည်။

ယခုအခါ အဆင့်မြင့်ပညာ သင်ကြားမှုအခွင့်အလမ်းများသည် ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးများ သာမက ပြည်ထောင်စုကြီး၏ အချက်အချာကျသည့် အထူးဖွံ့ဖြိုးရေးဒေသများအထိ လေ့လာ သင်ကြားနိုင်စေရန် ဖော်ဆောင်ပေးလျက် ရှိသည်။

ယခုဖွင့်လှစ်လိုက်သည့် မုံရွာနည်းပညာတက္ကသိုလ်နည်းတူ အခြားနည်းပညာတက္ကသိုလ် များရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ခန်းအတွင်း၌သာမက ပြင်ပလက်တွေ့ လုပ်ငန်းများနှင့် စနစ်တကျပေါင်းစပ်ကာ နည်းပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူး ခြင်းဖြင့် နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သော အတတ်ပညာရှင်ကောင်းများ ပေါ်ထွက်လာမည် ဖြစ်သည်။

ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာသစ်များကို အချိန်နှင့်တစ်ပြေးညီ ရယူ တတ်မြောက်ပြီး အမျိုးသားအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် ဆည်းပူးလေ့လာနိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍဆိုင်ရာ အမျိုးသားပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရေး အတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသူကျောင်းသားများ ကလည်း နည်းပညာရပ်များကို အပတ်တကုတ် လေ့လာသင်ယူပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည် ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက် မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက် မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၇
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	မြတ်ဗုဒ္ဓသရီရပူဇာတရားတော် (သီတဂူဆရာတော်) (အပိုင်း-၂)
၇:၅၀	ကုံရာသီထမနဲပွဲ
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	ရေလှိုင်းကြွစီရရီ...သမိုင်းဝင်စေတီ ဦးကို ဖူးမြော်လှည့်ပါ (ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်)
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၀:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅	အဆင်းရော အချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	မိသားစုတနင်္ဂနွေ (မြကျွန်းသာ)
၁၀:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀	ကျောက်ဆစ်ထွင်းထု ပုံဖော်ပြု အနုမြတ်ပညာ
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ရွှင်မြူးသံဖြာ ကလေးကဗျာ
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
၁၁:၅၅	Music Gallery (ချစ်သူ့မျက်နှာ)
၁၂:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁၂:၅၀	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၈:၂၅	Chelsea-Nottingham	5-Sports (Live)
၁၀:၃၀	Arsenal-Bolton	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ရှင်သန်နေဆဲ"**
၁၃:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။	လျှပ်တစ်ပြက်
၆:၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"**(အပိုင်း-၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	FA CUP ဘောလုံးပွဲ Arsenal Vs Bolton (Live)

မော်လမြိုင်တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၂ ခုနှစ် အပထ အောင် မော်လမြိုင်တက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမ အကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင် တက္ကသိုလ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် မောင်အောင် မင်းစိုး ဖုန်း-၀၅၇-၂၂၈၁၁၊ မောင်မျိုး အောင် ဖုန်း- ၀၅၇-၂၅၂၅၈နှင့် မမြင့် မြင့်စန်း ဖုန်း-၀၅၈- ၇၁၁၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

နယ်စပ်/ စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ညွှန်ကြားရေးမှူး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်အား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ Country Director ဖြစ်သူ Mr. Christopher Kaye သည် ဇန်နဝါရီ ၂၃ရက် မွန်းလွဲ၁နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများအား အရေးပေါ် စားနပ် ရိက္ခာ ထောက်ပံ့ရေး အစီအစဉ်ဖြင့် စားနပ်ရိက္ခာ ထောက်ပံ့သည့် လုပ်ငန်း များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြ သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ဆောင်ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား ချစ်ကြည်ရေး ခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်၇၅နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲတို့ကို ဖေဖော်ဝါရီ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာနမွှာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ မြို့နယ်အသင်းသူအသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်နှင့်အထက် အသင်းသူအသင်းသားများသည်လည်းကောင်း၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ခံရသူများသည်လည်းကောင်း ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့်(ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးကျော်စိုး(အတွင်းရေးမှူး) ဖုန်း-၀၉၅-၀၀၁၄၂၆၊ ဦးကြိုင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၃၇၁၅၆၃၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း)(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

လယ်တီတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

မင်းဘူးမြို့ ဓာတ်တော်ကုန်း ဘုရားကုန်းမြေ လယ်တီဓမ္မဗိမာန် ဓမ္မာရုံကြီး၌ တတိယအကြိမ် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ၁၅ ရက်(တပို့တွဲလကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော်များ ကြီးမှူးသော လယ်တီကမ္မဋ္ဌာနာစရိယများက သင်ကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများနှင့် ဆွမ်းဆက်ကပ် လှူဒါန်းလိုသူများသည် ဘုရားဂေါပက ဦးဇေယျ ဖုန်း-၀၆၅-၃၀၂၉၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီး နှစ်စဉ် နယုန်လကွယ်နေ့၊ သီတင်းကျွတ်လကွယ်နေ့၊ တပို့တွဲလကွယ်နေ့များတွင် တစ်နှစ်လျှင် သုံးကြိမ်ပုံမှန် တရားစခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏ်ပြုမှတ်တမ်းလွှာ

ရန်ကုန်မြို့ တိပိဋက မွေရက္ခိတ အဖွဲ့သို့ ဒေါက်တာသိန်းနိုင်-ဒေါ်မြင့်မြင့်တို့က ငွေကျပ်၁၀သိန်း တန်ဖိုးရှိ မီးစက်တစ်လုံး လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူး သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဂါနာသို့ပြန်ရောက်လာသော ကိုဖီအာနန်အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြ

အက်ခရာ ဇန်နဝါရီ ၂၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်သည် (၁၀)နှစ်တာကာလအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ပြီးနောက် ၎င်း၏ ဇာတိမြေ ဂါနာနိုင်ငံသို့ ပြန်ရောက်လာရာ ရာပေါင်းများစွာသော ပြည်သူများက ကခုန်၍လည်းကောင်း၊ ဂါနာအလံများ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်ဟုရိုက်တာသတင်းတွင် ရေးသားဖော်ပြသည်။

ဂါနာသမ္မတဂျွန်ကုဖူယာသည် နိုင်ဂျီးရီးယားလေယာဉ်ပေါ်မှဆင်းလာသော ကိုဖီအာနန်နှင့်ဇနီးတို့အား ဇန်နဝါရီ ၂၃ရက်က လာရောက်ကြိုဆိုခဲ့သည်ဟု ဆိုသည်။

ယခုကဲ့သို့ ကြိုဆိုခြင်းသည် အံ့သြဖွယ်ကောင်းသည့် အိမ်အပြန်ခရီးပင်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် မိမိသည် ကုလသမဂ္ဂ၏တာဝန်များနှင့်ကင်းဝေးသွားပြီဖြစ်ကြောင်း ကိုဖီအာနန်က သတင်းထောက်များအား ပြောကြားသည်။

ကိုဖီအာနန်သည် ၂၀၀၆ ခုနှစ်ကုန်ဆုံးချိန်တွင် (၁၀)နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးမှ ဆင်းပေးခဲ့ပြီဖြစ်သည်။ ၎င်း၏ နေရာတွင်တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်းက အစားထိုးဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပမည့် အနုပညာနှင့် လက်မှုပညာပြပွဲတွင် ပြသရန် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် ရေတကောင်းနှင့် ရေခွက်များကို လက်မှုပညာရှင်များက ကြည့်ရှုစစ်ဆေးနေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်ကျူးကျော်မှု ရှုံးသွပ်မိုက်မဲသော ဆုံးဖြတ်ချက်သာဖြစ်

ဒေဗို့စ် ဇန်နဝါရီ ၂၇

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ်က ကျူးကျော်ဝင်ရောက်ခြင်းမှာ ရှုံးသွပ်မိုက်မဲသည့် ဆုံးဖြတ်ချက်တစ်ရပ်သာဖြစ်ကြောင်း၊ အီရတ်နိုင်ငံ၏ အနာဂတ်လုံခြုံစိတ်ချရရေးအတွက် ယခုအခါ ဘဂ္ဂဒက်မြို့တော် လုံခြုံမှုရှိအောင် အီရတ်တပ်ဖွဲ့ဝင်များက တာဝန်ယူလုပ်ကိုင်ကြရန် လိုအပ်ကြောင်း အီရတ်ဒုတိယ သမ္မတအဒဲအဗ္ဗဒူမက်ဒီက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအသိမ်းပိုက် ခံရခြင်းသည် ရှုံးသွပ်မိုက်မဲသည့် ဆုံးဖြတ်ချက်ကြောင့်သာဖြစ်ကြောင်း မစ္စတာမက်ဒီက ဆွစ်ဇာလန်နိုင်ငံ ဒေဗို့စ်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

ဘဂ္ဂဒက်မြို့တော်သို့ ပတ်ဝန်းကျင်ဒေသများရှိ အီရတ်တပ်ဖွဲ့ဝင်များကို ခေါ်ယူရန်အီရတ်အစိုးရက စီစဉ်ထားကြောင်း၊ ထို့ကြောင့်အမေရိကန်ပြည်ထောင်စုကအီရတ်သို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ရန် ဆုံးဖြတ်ခြင်းမှာ စဉ်းစားစရာဖြစ်နေကြောင်း မစ္စတာမက်ဒီက ထည့်သွင်းပြောကြားလိုက်သည်။

ဝေဖန်

အမေရိကန် သမ္မတဘုရှ်က အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀ထပ်မံစေလွှတ်ရန် စီစဉ်နေသည်။ ယင်းအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုအတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းဝေဖန်နေကြကြောင်း သိရသည်။

ဆွေးနွေး

အမေရိကန် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီက ထိုအစီအစဉ်ကိုဇန်နဝါရီ၂၄ရက်က ကန့်ကွက်မဲပေးလိုက်သည်။ ယင်းကိစ္စကို အမေရိကန်အထက်လွှတ်တော်က လာမည့်ရက် သတ္တပတ်တွင် ဆွေးနွေးကြမည်ဖြစ်သည် ဆို၏။ **အမ်အင်န်အေ၊ ရိုက်တာ**

လေကြောင်းခရီးစဉ် ကန့်သတ်ထိန်းချုပ်မှုလျှော့ချရန် အရှေ့တောင်အာရှနိုင်ငံများအား စင်ကာပူဝန်ကြီးတိုက်တွန်း

စင်ကာပူ ဇန်နဝါရီ ၂၇

အရှေ့တောင်အာရှနိုင်ငံများ အနေဖြင့် လေကြောင်းပျံသန်းမှုနှင့် ပတ်သက်သော မလိုလားအပ်သည့် ထိန်းချုပ်မှုများကို လျှော့ချပြီး စရိတ်စက အသက်သာဆုံးလေကြောင်းခရီးစဉ်များ ဖြစ်ထွန်းလာစေခြင်းဖြင့် လေကြောင်း ခရီးသွားလာရေးလိုအပ် မှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း စင်ကာပူအရာရှိကြီးတစ်ဦးက ဇန်နဝါရီ ၂၃ ရက်၌ ပြောကြားလိုက်သည်။

အဆိုပါ ပြောကြားမှုကို အာရှပစိဖိတ်စရိတ်အနည်းဆုံး လေကြောင်းလိုင်းများကွန်ဂရက်၌ စင်ကာပူနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး လမ်ဟွီးဟွာက အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများမှ အစိုးရများအား တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

လေကြောင်း ခရီးစဉ်များနှင့် ပတ်သက်၍ ပိုမိုဖွင့်ပေးနိုင်ပါက အရှေ့တောင်အာရှနိုင်ငံများ၏ ဝင်ငွေလည်း တိုးတက်လာမည့်အပြင် စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စရိတ်စက သက်သာသော လေကြောင်းလိုင်းများ ပိုမိုများပြားလာလျှင် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုရောက်ရှိလာပြီး စီးပွားရေး အခွင့်အလမ်းများပိုမိုရရှိလာမည်ဖြစ်ကြောင်း မစ္စတာလမ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကူဝိတ်၌ နွားများ၌ တီဘီရောဂါဖြစ်ပွား

ကူဝိတ် ဇန်နဝါရီ ၂၇

ကူဝိတ်နိုင်ငံ ခရိုင်တစ်ခရိုင်၌ နွားမအကောင် ၂၀၀ခန့် တီဘီရောဂါ ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့သည်ဟု ကူဝိတ်အခြေစိုက် အာရပ်တိုင်း(မ်)က ဇန်နဝါရီ ၂၄ရက်တွင် ဖော်ပြသည်။

အဆိုပါ တီဘီရောဂါ ဖြစ်ပွားသောဒေသမှာ ဆူလိုင်ဘီယာခရိုင်၌ အများဆုံးဖြစ်ကြောင်း၊ အခြားခရိုင်နှစ်ခုတွင်လည်း အလားတူ တီဘီရောဂါဖြစ်ပွားမည့် နွားခြံများရှိလာပြီး စစ်ဆေးမှုများအရ သိခဲ့ရကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။

လောလောဆယ် ဖြစ်ပွားနေသော အဆိုပါ တီဘီကပ်ပါးရောဂါမှာ ၂၀၀၆ ခုနှစ် မတ်လက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်းတွင် ဖော်ပြသည်။

ကူးစက်

ယင်းရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်ပြီး သေစေနိုင်ကြောင်း အဆိုပါသတင်းရပ်ကွက်များက သတိပေးထားခဲ့ခြင်းကိုသတင်းစာက ကိုးကားဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကျွမ်းထိုးပြီး စွမ်းရည်ပြနေသော ကြက်တူရွေး

ကျွမ်းထိုးပြီး စွမ်းရည်ပြနေသော ကြက်တူရွေးတစ်ကောင်ကို တွေ့ရစဉ်။ **(ဝဲပုံ)**

ဖလော်ရီဒါပြည်နယ် ဘရာဒန်တန်မြို့၌ အိမ်မွေးတိရစ္ဆာန်များကို လေ့ကျင့်ပေးသူတစ်ဦးက ကြက်တူရွေး တစ်ကောင်ကို အမိန့်ပေးကာ ကျွမ်းထိုးခိုင်းခြင်း၊ သီချင်းဆိုခြင်းနှင့် အားကစားနည်းအချို့ကိုပါ စွမ်းရည်ပြနိုင်အောင် သင်ကြားပေးလျက်ရှိရာ ၎င်းကြက်တူရွေးက ကျွမ်းကျင်စွာလုပ်ပြနိုင်နေပြီဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ခုနစ်ပေခန့် ရှည်သောငါး

အရှည် ခုနစ်ပေခန့်ရှိသော ငါးတစ်ကောင်ကို ဈေး၌ရောင်းချနေသည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျီကျန်းပြည်နယ် ဝမ်ကျိုးမြို့ ပင်လယ်အစားအစာထွက်ကုန်များ ရောင်းချသည့်ဈေး၌ အရှည် ခုနစ်ပေခန့်ရှိပြီး အလေးချိန်ကီလို ၃၄၀ ရှိသောငါးတစ်ကောင်ကိုရောင်းချခဲ့ရာ ပင်လယ်အစားအစာ ရောင်းချသည့်ငါးများ၌ အကြီးဆုံးငါးတစ်ကောင်ဖြစ်ကြောင်း သိရသည်။ ၎င်းငါးကို အရှေ့တရုတ်ပင်လယ်မှ တံငါသည်တစ်ဦးက ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မာလာဝီ၌ ရေလွှမ်း၊ ကျေးရွာ၂၀ဘေးကင်းရာပြောင်းရွှေ့

လီလောင်ဂီ ဇန်နဝါရီ ၂၇

မာလာဝီနိုင်ငံ မြောက်ပိုင်း လီလောင်ဂီပြည်နယ်မှ ကီလိုမီတာ ၃၀၀ အကွာရှိ ကာတွန်ဂါခရိုင်၌ ရေလွှမ်းမိုးမှုဖြစ်ပွားရာ ကောက်ပဲသီးနှံ စိုက်ခင်းများ၌ ရေလွှမ်းပြီး အိမ်ခြေ ထောင်ပေါင်းများစွာသော ပြည်သူများ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ယင်းဖြစ်ပွားမှုကြောင့် ဘေးဒုက္ခနှင့်ကြုံတွေ့ရသူ ဦးရေအတိအကျ မဖော်ပြနိုင်သေးသော်လည်း ရွာပေါင်း ၂၀ နီးပါးခန့် ရေလွှမ်းမိုးမှုဒဏ်ခံရကြောင်း ခရိုင်ကော်မရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဇန်နဝါရီ ၂၄ ရက်က ပြောကြားသည်။

ဇန်နဝါရီ ၂၂ ရက်ကတည်းက လီလောင်ဂီ ပြည်နယ်၌ မိုးသည်းထန် စွာဆက်လက် ရွာသွန်းနေသဖြင့် ပြည်နယ်တွင်းရှိ မြစ်ကြီးသုံးသွယ်မှ မြစ်ရေလျှံခြင်းကြောင့် ရေလွှမ်းမိုးခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာနှင့် သိမ်သမုတ်မင်္ဂလာအလှူတော် ရေစက်ချအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာအလှူတော် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်အတွင်း၌ ယနေ့နံနက်ပိုင်းက ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာနှင့် သိမ်သမုတ်မင်္ဂလာအလှူတော်ရေစက်ချ အခမ်းအနားကို ကျင်းပရာ သိမ်သမုတ်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်း ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာ၊ အလှူတော် ရေစက်ချမင်္ဂလာအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ကြည်ညိုသည်။

တက်ရောက်ကြည်ညို

ရှေးဦးစွာ ဓမ္မဒူတသိမ်တော် သိမ်သမုတ် မင်္ဂလာအလှူတော် ရေစက်ချ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တပ်မတော်မှအရာရှိကြီးများ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်နှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်း ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များက သိမ်သမုတ်မင်္ဂလာ အခမ်းအနားကို ဆောင်ရွက်ပေးတော်မူကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယ ဆုံးမစာ အမှတ်စဉ်(၁၁) အကျိုးစီးပွားကို ပြောတတ်သော အဆွေခင်ပွန်းစစ်လေးယောက်

လောကတွင် သူတစ်ထူး၏ကောင်းကျိုးကို လိုလားတတ်သော အဆွေခင်ပွန်းကောင်းများ အများအပြားလည်း ရှိနိုင်ပါသည်။ ထိုအထဲတွင် သူတစ်ပါး၏ ကောင်းသောသတင်းနှင့် အကျိုးစီးပွားကိုသာ ရည်ရွယ်ပြောဆိုတတ်သော အဆွေခင်ပွန်းစစ်လေးယောက်ကို ထုတ်ဖော်ပြသရပါမူ–

– မကောင်းသောအမှုကို မပြုမိစေရန် စေတနာဖြင့်တားမြစ်ပေးသူ၊
– ကောင်းသောအမှုကိုသာ ပြုလုပ်တတ်စေရန် ကူညီဖေးမအားပေး တိုက်တွန်းတတ်သူ၊
– မကောင်းသော သတင်းဆိုးများကို ပြောကြားခြင်းမရှိဘဲ ကောင်းသောသတင်းများကိုသာ သူတစ်ပါး ဝမ်းသာအောင် အကြောင်းကြားလာတတ်သူ၊
– ထက်ဘုံနတ်ရွာသို့သွားမည့် လမ်းကောင်းလမ်းမြတ်ကိုသာ ညွှန်ပြတတ်သူ။

ဤလေးဦးသော ပုဂ္ဂိုလ်မျိုးသည် မိမိအတွက် ပေါင်းသင်းအပ်၊ ပေါင်းသင်းထိုက်သော မိတ်ဆွေစစ် မိတ်ဆွေမှန်များသာ ဖြစ်ပါသည်။

"မကောင်းမြစ်တာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတ္တက္ခာယီတည်း" ။

(သာသနာရေး)

သဲကုန်း အထက ကျောင်းသူ ကျောင်းသားဟောင်းများ ငွေရတုအာစရိယပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ပဲခူးတိုင်း သဲကုန်းအထက ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ မဂ္ဂဇင်းထုတ်ဝေရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက်က ဥက္ကဋ္ဌ ဦးမြင့်သိန်း ဘုရားကြီးလမ်း သဲကုန်းမြို့နေအိမ်တွင် ကျင်းပခဲ့ပြီး ငွေရတုမဂ္ဂဇင်းကို အမြန်ဆုံး ထုတ်ဝေနိုင်ရေးနှင့် မဂ္ဂဇင်းအတွက် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစသည့် စာမူများကို စည်းကမ်းချက်များနှင့်အညီ မတ် ၃၁ ရက်တွင် ဦးအေးကြူ (စံချိန်သစ်) ရေကျော်လမ်း သဲကုန်းမြို့နှင့် ဒေါ်ဌေးဌေးရီ (မိုးဆမ်းပန်းစတိုး) မြကေသီလမ်း သဲကုန်းမြို့တို့သို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

လက်တွဲတုံ့ပြန် ဖြစ်ကြောင်းမှန်

*** ကြီးနိုင်ငယ်ညှဉ်း၊ လုပ်ဇာတ်ခင်းကာ
အတင်းစကား၊ သတင်းမှားဖြင့်
လှည့်ဖြားလိမ်ညာ၊ အပြစ်ရှာသည့်
ယုတ်မာဆိုးသွမ်း၊ စရိုက်ကြမ်းက
ရမ်းကား ရန်ထောင်လာတော့သည်။**

*** ရန်ထောင်ရမ်းကား၊ ငမိုက်သားတို့
လှည့်ဖြားရန်လို၊ ပြစ်ဖွဲ့ဆိုလည်း
ဆိုသည့်အပြစ်၊ ပြန်လှန်စစ်သော်
ကောက်ကျစ်ခြင်းသာ၊ ပေါ်လွင်လာ၍
မာယာစုံနှော၊ သူ့အပြောနှင့်
သဘောမမှန်၊ ခလောက်ဆန်သည့်
အကြံပက်စက်၊ သူ့လှည့်ကွက်ကို
ပယ်ဖျက်နိုင်ခဲ့ အောင်လေပြီ။**

*** သြော်–
ဒို့များနိုင်ငံ၊ ဒို့မူဟန်ဖြင့်
ဒို့စံ ဒို့ထုံး၊ ဒို့ကျင့်သုံးကာ
စည်းလုံးအားညီ၊ ဖွံ့ဖြိုးစည်သည့်
ကြည်သာအေးချမ်း၊ ခေတ်မီစွမ်းကို
စိတ်ဝမ်းမရှင်၊ စွဲချက်တင်ပြီး
ဝင်ရောက်စွက်ဖက်၊ သူနှောင့်ယှက်လည်း
လက်တွဲတုံ့ပြန်၊ ဖြစ်ကြောင်းမှန်နှင့်
နိုင်ငံကြီးသား၊ မိတ်ဆွေများက
တရားညီစွာ၊ ရပ်တည်လာ၍
ယုတ်မာလှည့်ဖြား၊ သူ့စကားလျှင်
လွင့်ပါးပျက်ပြယ်ခဲ့လေပြီ ...။ ။**

ရေနံ့သာမောင်ကျော်ညွန့်

ကော်ဖီပုံမှန်သောက်ခြင်းသည် ကိုယ်ဝန်ဆောင်မိခင်များကို မထိခိုက်နိုင်

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် နေ့စဉ်ကော်ဖီသောက်သုံးခြင်းဖြင့် မိမိရင်သွေးသန္ဓေသားကို မည်သို့မျှမထိခိုက်စေကြောင်း၊ ဆိုးကျိုးများ မဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဒိန်းမတ်နိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားသည်။

ဖော်ပြထားခဲ့

အစောပိုင်းကာလ သုတေသနပြုချက်များအရ ကော်ဖီများများ သောက်သုံးသူ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အချိန်မတိုင်မီ ကလေးစောပြီး မွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးငယ်များ မွေးဖွားနိုင်ခြင်းဟူသော ဆိုးကျိုးများ ဖြစ်စေနိုင်သည်ဟု ဖော်ပြထားခဲ့ကြသည်။

မဖြစ်ပေါ်နိုင်

သို့သော် ယခုအခါ ဒိန်းမတ်နှင့် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်နေ့လျှင် ကော်ဖီ ၃၀၀ မီလီဂရမ်ထက် ပိုမသောက်ပါက မည်သည့်အန္တရာယ်မျှ မဖြစ်ပေါ်နိုင်ကြောင်း ပြောကြားနိုင်ခဲ့သည်။

သောက်သုံးနိုင်

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တစ်နေ့လျှင် ကော်ဖီသုံးခွက် သို့မဟုတ် လက်ဖက်ရည်သုံးခွက်နှင့် ချောကလက်မီလီဂရမ် ၄၀ အထိ သောက်သုံးနိုင်ကြောင်း သိရသည်။

သုတေသနပညာရှင်များက ကိုယ်ဝန်ဆောင်မိခင် ၁၂၀၇ ဦးကို လေ့လာသုတေသနပြုခဲ့ရာမှ ကော်ဖီပုံမှန်သောက်ခြင်းသည် မည်သို့မျှသန္ဓေသားကို မထိခိုက်နိုင်ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဖော်ပြခဲ့သည်။ (ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တိပိဋကဓရ သာသနာ့အာဇာနည်အရှင်မြတ် အရှင်အဘိဇာတာဘိဝံသ

ရန်ကုန် ဇန်နဝါရီ ၂၇



(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်၊ ခရစ်နှစ်၁၉၄၈ခုနှစ်မှစ၍ ကျင်းပခဲ့ရာ (၅၉)နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋက ကောဝိဒ (ပိဋကတ်သုံးပုံ) အာဂုံနှင့် ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်မြတ် ၁၁ပါး၊ တိပိဋကဓရ (ပိဋကတ်သုံးပုံ)အာဂုံဆောင် သာသနာ့အာဇာနည် အရှင်မြတ် သုံးပါး ပေါ်ထွန်းခဲ့သည်။

(၅၉)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး အာဂုံပြန်ဆိုပွဲကို ၂၄–၁၂–၂၀၀၆ရက်မှ ၁၆–၁–၂၀၀၇ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသသည် အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူခဲ့သဖြင့် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့သည်။

ဖွားမြင်တော်မူခြင်း

အရှင်အဘိဇာတာဘိဝံသသည် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ခမည်းတော် ဦးတင်ရ–မယ်တော်ဒေါ်ညွန့်ခင်တို့မှ ၁၃၃၀ပြည့်နှစ် သီတင်းကျွတ်လဆန်း၈ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်သောသားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

၁၃၄၁ခုနှစ် နတ်တော်လဆန်း ၁၁ ရက်တွင် ဆင်နင်းရွာ ဇမ္ဗူမင်္ဂလာ ရွှေရပ်သာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဖန် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်တွင် ပညာရင်နို့ သောက်စို့ရန်ရောက်ရှိခဲ့ပြီး ဆရာတော်သည် သာမဏေဘဝဖြင့်ပင် သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့နှင့် သာသနဓဇ ဓမ္မာစရိယဘွဲ့တို့ကို အောင်မြင်ခဲ့သည်။

၁၃၄၉ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် တနင်္လာနေ့ (လွတ်လပ်ရေးနေ့)တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် (အဘိဓဇမဟာရဋ္ဌဂုရု) ပဓာနနာယက ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ဝက်လက်မြို့ ကြံ့ခိုင်ရပ် ဦးသန်းထွန်း–ဒေါ်ဟန်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စစ်ကိုင်းတောင်သာသနပါလချောင် ဆရာကြီးဒေါ်သန္တစာရီ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် ညီမများ၊ ဝက်လက်မြို့ ကြံ့ခိုင်ရပ် ဦးရှည်–ဒေါ်ကြည်မော် မိသားစု၊ မန္တလေးမြို့ ၄၂ လမ်း ဦးတင်မောင်လှ ညီမ ဒေါ်ခင်မေသန်း၊ ဝက်လက်မြို့နယ် ဆင်နင်းရွာ ဦးတင်လှ–ဒေါ်တင်ဆွေ မိသားစု၊ ဦးစိန်ဝင်း–ဒေါ်ဆန်းဦးမိသားစု၊ ဖားကန့်မြို့ ဆိုင်တောင်းရွာ ကိုကြည်–မစန္ဒာ မိသားစု၊ ရန်ကုန်မြို့ မင်းကွန်းတောရ မင်္ဂလာတိုက် ဒေါ်ဝိလာသီ၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်၊ စစ်ကိုင်းမြို့ ရိုင်တန်းရပ် ဒေါ်သန်းသန်း(သား) ဦးအောင်မြင့်ဦး–ဒေါ်မိမိကျောင်း၊ ဦးအောင်မြင့်ခိုင်(မြေး) မထက်ဝေခိုင်၊ မရည်မွန်ခိုင် မိသားစု၊ ရန်ကုန်တိုင်း ရွှေဂုံတိုင် ဗဟန်းမြို့နယ် ဦးအောင်ကြည်–ဒေါ်မြကြည်မိသားစု၊ ဝက်လက်မြို့နယ် ဘုရားလေးကုန်းရွာ မောင်ခင်မောင်စိုး–မခင်စန်းနွယ် မိသားစု၊ ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဦးစိုးရွှေ–ဒေါ်အေးအေးဆွေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်မင်္ဂလာ ခံယူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးခြင်း

ဝက်လက်မြို့နယ် ဆင်နင်းရွာ ရွှေရပ်သာဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် (အဘိဓဇမဟာရဋ္ဌဂုရု) ပဓာန နာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) တိုက်အုပ်ဆရာတော်၊ မတ္တရာမြို့ သာသနဇောတာရုံကျောင်းတိုက် နာယကဆရာတော် သုဗောဓ၊ ဂဏဝါစကများဖြစ်ကြသော အရှင်အဓိဝါသ၊ အရှင်ဇိနောရသ၊အရှင်ပိဏ္ဍောလာဘိဝံသ၊ ဦးလေးတော်ဖြစ်သော နောင်ချိုမြို့ ကထိပင်ကျောင်းဆရာတော် အရှင်ဥတ္တမ၊ နောင်တော်ဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင်ကျောင်း အရှင်မာနိတာလင်္ကာရာဘိဝံသ၊ မန္တလေးမြို့ ဗန်းမော်ဆရာတော် စသည်တို့ထံ၌ ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့သည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူဘွဲ့၊ ဒီဃနိကာယပါဠိပါရဂူဘွဲ့၊ သကျသီဟသာမဏေကျော်ဘွဲ့ သုဗောဓ ဓမ္မာစရိယဘွဲ့၊ သဒ္ဒမ္မပါလ ဓမ္မာစရိယဘွဲ့၊ စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့၊ သုသမ္မာစာရပိဋကတ္တယအဂ္ဂဝိသိဋ္ဌကောဝိဒ ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ ၁၃၅၇ ခုနှစ် (၄၈)ကြိမ်တွင် (ဥဘတောဝိဘင်္ဂဓရဘွဲ့)၊ ၁၃၅၈ခုနှစ် (၄၉)ကြိမ်တွင် (ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့)၊ ၁၃၅၉ ခုနှစ် အကြိမ် (၅၀) မြောက်တွင် (ဝိနယဓရဘွဲ့)နှင့် (ဝိနယကောဝိဒဘွဲ့)၊ ၁၃၆၀ပြည့်နှစ် (၅၁)ကြိမ်မြောက်တွင် (ဒီဃဘာဏကဘွဲ့)၊ ၁၃၆၁ ခုနှစ် (၅၂)ကြိမ်တွင် (ဒီဃနိကာယကောဝိဒဘွဲ့)၊ ၁၃၆၂ ခုနှစ် (၅၃)ကြိမ်တွင် (မူလအာဘိဓမ္မိကဘွဲ့)၊ ၁၃၆၅ ခုနှစ် (၅၆)ကြိမ်တွင် (မူလအဘိဓမ္မကောဝိဒဘွဲ့) တို့ကို ရရှိတော်မူခဲ့ပြီး ၁၃၆၈ခုနှစ်တွင် ကျင်းပသော (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ အဘိဓမ္မပိဋက အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် အဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

သီတင်းသုံးတော်မူရာကျောင်းတိုက်

ယခုအခါ သာသနာ့အာဇာနည် အရှင်အဘိဇာတာဘိဝံသသည် အဘိဓမ္မပိဋက အဘိဓမ္မာ ဒုတိယပိုင်း သဘောရေးဖြေပွဲကို ဖြေဆိုနိုင်ရေးအတွက် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ သီတင်းသုံးလျက် ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူလျက်ရှိသည်။ ။

ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpraditနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်၉နာရီ၃၅မိနစ်က အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေးနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhi-rakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ လိုက်ပါလျက် ရွှေတိဂုံစေတီတော်မြတ်ကြီး သို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာ တိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံ စေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General,Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ထိုသို့ ပြန်လည် မထွက်ခွာမီ လေဆိပ် ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်း ဗွီစီဒီခွေကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာ သွားကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhi-rakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၁၀၄) အေငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နေ ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီး စိန်ညွန့်(ငြိမ်း)၏ တစ်နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်မမကြီး သားသမီးမြေးများက အလှူငွေကျပ် နှစ်သိန်းတစ်သောင်းကို တွဲဖက်ဘဏ္ဍာရေးမှူးဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း ဗိုလ်လုကြရမည်

သတင်းဆောင်းပါး

ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၂၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဇန်နဝါရီ ၂၅ရက်က ပြီးဆုံးသွားပြီဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇန်နဝါရီ ၂၉ရက် ညနေ ၃နာရီတွင် လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယနှင့်ကျေနပ်ခဲ့ရသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် ဗိုလ်လုပွဲနှင့် ၁၆နှစ်ကြာဝေးကွာခဲ့ရသော မကွေးတိုင်းအသင်းတို့၏ ဗိုလ်လုပွဲစဉ်သည် ခြေရည်တူနှစ်သင်း ဆုံတွေ့ခြင်းဖြစ်၍ အကြိတ်အနယ် ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

ပထမအဆင့်

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၇ရက်မှ ၁၃ရက်အထိ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံး ကွင်း၊ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းနှင့် အောင်ဆန်းအားကစား ပြိုင်ကွင်းတို့၌ ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် အုပ်စု(က)၌ပါဝင်ပြီး ကယားပြည်နယ်ကို လေးဂိုး-တစ်ဂိုး၊ တနင်္သာရီတိုင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ဒုတိယအဆင့်အုပ်စုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

မကွေးတိုင်းအသင်းသည် အုပ်စု(ခ)၌ပါဝင်ပြီး ကချင်ပြည်နယ်ကို သုံးဂိုး-နှစ်ဂိုး၊ မန္တလေးတိုင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ချင်းပြည်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ဒုတိယအဆင့် အုပ်စုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဒုတိယအဆင့်

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ၁၆ရက်မှ၂၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် (ခခ) အုပ်စု၌ပါဝင်ပြီး မန္တလေးတိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရန်ကုန်တိုင်းနှင့် တစ်ဂိုးစီသရေ၊ ဧရာဝတီတိုင်းနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

မကွေးတိုင်းအသင်းသည် (ကက)အုပ်စု၌ ပါဝင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရခိုင်ပြည်နယ်နှင့် တစ်ဂိုးစီသရေကျကာ စစ်ကိုင်းတိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မကွေးတိုင်းအသင်းနှင့် ရခိုင်ပြည်နယ်တို့ လေးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ မကွေးတိုင်းအသင်း အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲ

ပထမအကြိုဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက စစ်ကိုင်းတိုင်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်း အသင်းက တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းသာလွန်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ ဂိုးသမား အောင်မျိုးဟန် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သည်။

ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် မကွေးတိုင်းအသင်းက ရန်ကုန်တိုင်း အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းလာခြင်းဖြစ်သည်။ မကွေးတိုင်းအသင်းသည် ပထမပိုင်းမှာပင် ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူပြီး ခြေအသာစီးမှ ကစားကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မကွေးတိုင်းအသင်း အတွက် ပထမဂိုးကို အောင်ဝင်းက ထောင့်ကန်ဘောမှ တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်တွင် မကွေးတိုင်းအသင်းမှ အောင်ဝင်း ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိခဲ့သည်။

ပူးတွဲတာဝန်ယူ

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် မကွေးတိုင်းအသင်းတို့သည် အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော်လည်း အုပ်စုပထမဖြင့် တက်လာသည့် ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း အုပ်ချုပ်သူ ဦးမောင်မောင်လောက်နှင့် မကွေးတိုင်း အသင်းအုပ်ချုပ်သူ ဦးလှဝင်းတို့သည် (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း ဗိုလ်စွဲခဲ့စဉ်က အဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်သူအဖြစ် ပူးတွဲတာဝန်ယူခဲ့ကြသူများဖြစ်သည်။

လေးနှစ်အကြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် နောက်ဆုံးဗိုလ်လုပွဲစဉ်သို့ သုံးနှစ်ဆက်တိုက် တက်ရောက်နိုင်ခြင်း ဖြစ်သည်။ ယမန်နှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ဧရာဝတီတိုင်းအသင်းကို ရှုံးနိမ့်ပြီး ဒုတိယနှင့်ကျေနပ်ခဲ့ရသည်။ ၂၀၀၃ခုနှစ်က ပြည်ထောင်စုဒိုင်းဆွတ်ခူးနိုင်ခဲ့ပြီး လေးနှစ်အကြာ ယခုပြိုင်ပွဲ၌ တစ်ကျော့ပြန် ဗိုလ်စွဲနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အာကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်လောက်(ကမ္ဘောဇ)၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ နည်းပြများအဖြစ် ဦးခင်မောင်သန်းနှင့် ဦးညွှန့်တင်၊ အားကစားသမားများအဖြစ် အောင်မျိုးဟန်(ဂိုး)၊ သက်နိုင်ဦး(ဂိုး)၊ ကျော်ဇေယျ၊ မောင်ထွန်း၊ ကျော်မျိုးထွန်း၊ မျိုးမင်းလတ်၊ အေးမင်းစိုး၊ ကြည်သာ၊ ဉာဏ်လင်း၊ ဇော်ပြေငြိမ်း၊ ထွန်းထွန်းနိုင်၊ ရွှေဘော်၊ ဇာနည်ကျော်ဌေးမြင့်၊ မောင်သိန်း၊ ရဲလင်း၊ ထွန်းဝင်း၊ ထွန်းထွန်းဝင်း၊ ညီညီထွဋ်၊ သက်အောင်၊ စိုင်းကျော်သူရအောင်တို့ ပါဝင်ကြသည်။

၁၆နှစ် ကြာမြင့်

မကွေးတိုင်းအသင်းသည် ၁၉၉၁ခုနှစ်တွင် ပြည်ထောင်စုဒိုင်းဆု ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်း မရှိသည်မှာ ၁၆နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ မကွေးတိုင်းအသင်းသည် ပထမအဆင့်အုပ်စုပွဲစဉ်၌ မန္တလေး တိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲ သမိုင်းတစ်လျှောက်၌ နှစ်၂၀အတွင်း ပထမဆုံးအကြိမ် အနိုင်ရရှိခြင်းဖြစ်သည်။ မကွေးတိုင်းအသင်းသည် ဗိုလ်လုပွဲနှင့် ဝေးကွာခဲ့သော်လည်း ရန်ကုန်တိုင်း အသင်းနှင့်ဆုံတွေ့လျှင် အနိုင်ရသည့် အစဉ်အလာကို ယခုတိုင် ထိန်းထားနိုင်ဆဲဖြစ်သည်။

မကွေးတိုင်းအသင်းအုပ်ချုပ်သူ ဦးလှဝင်း(ဒုတိယညွှန်ကြားရေးမှူး အားကစားဦးစီးဌာန)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပြည်နယ်အားကစားမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ်က ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ပြည်ထောင်စုဒိုင်း ရရှိအောင် ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းသို့ပြောင်းရွှေ့၍ တိုင်းအားကစားမှူးအဖြစ် တာဝန်ယူစဉ်ကလည်း ရန်ကုန်တိုင်းအသင်းကို ပြည်ထောင်စုဒိုင်းဆွတ်ခူး အောင် ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ယခုအခါ ရန်ကုန်တိုင်းမှ မကွေးတိုင်းသို့ ပြောင်းရွှေ့၍ တိုင်းအားကစားမှူးအဖြစ် တာဝန်ယူသည့်အခါ၌လည်း မကွေး တိုင်းအသင်း ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ တိုင်းအားကစားမှူး ဦးလှဝင်း အနေဖြင့် ယခင်အစဉ်အလာအတိုင်း မကွေးတိုင်းအသင်း ပြည်ထောင်စုဒိုင်း ဆွတ်ခူးရရှိအောင် ဦးဆောင်မှုပေးနိုင်မည်လားဆိုသည်ကို စိတ်ဝင်တစားစောင့် ကြည့်ရမည် ဖြစ်သည်။

ပါဝင်ကြ

မကွေးတိုင်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယ ရဲမှူးကြီးသိန်းရွှေ၊ အုပ်ချုပ်သူအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးလှဝင်း၊ နည်းပြများအဖြစ် ဦးတင်မျိုးအောင်နှင့် ဦးအောင်အောင်၊ဒိုင်လူကြီးအဖြစ် ဦးထင်လင်းအောင်၊ အားကစားသမားများအဖြစ် လှမင်း(ဂိုး)၊ပြည့်ဖြိုးဦး(ဂိုး)၊ ထွန်းထွန်းနိုင်၊မင်းမင်းသူ၊မင်းမင်းဦး၊ ဇေယျာအောင်၊ အောင်နန္ဒာဝင်း၊ အောင်ဇော်ဌေး၊ အောင်ဝင်း၊ သန်းဇော်လင်း၊ ဝေမင်းဟန်၊ ဖုန်းပြည့်ဖြိုး၊ ဟိန်းထက်အောင်၊ ဟိန်းဇော်ထွန်း၊ မျိုးမင်းထွန်း၊ မျိုးနိုင်ဦး၊ ဝင်းမင်းစိုး၊ ရဲနေဇာ၊ နိုင်လင်းထွန်း၊နိုင်နိုင်အောင်တို့ ပါဝင်ကြသည်။

၁၆ဂိုးသွင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းသည် ခုနစ်ပွဲကစားခဲ့ရာတွင် ငါးပွဲနိုင်ပြီး နှစ်ပွဲသရေကျခဲ့သည်။ ခုနစ်ပွဲတွင် ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများ မပါ ၁၃ဂိုးသွင်းယူပြီး သုံးဂိုးသာ အသွင်းခံခဲ့ရသည်။ မကွေးတိုင်းအသင်းသည် ခုနစ်ပွဲကစားရာတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ခုနစ်ပွဲကစား ရာတွင် ၁၆ဂိုးသွင်းပြီး ငါးဂိုးအသွင်းခံခဲ့ရသည်။

မကွေးတိုင်းက အလယ်တန်းနှင့် ရှေ့တန်း အချိတ်အဆက်မိပြီး ဂိုးသွင်း စွမ်းရည်ထက်မြက်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)က စိတ်ဓာတ်မာကြောပြီး သက်လုံနှင့် ကြံ့ခိုင်မှုကောင်းမွန်သည်။ ပြည်ထောင်စုဒိုင်းဆုကြီးသည် ချယ်ရီပန်း တို့ပွင့်လန်းရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကို လိုက်ပါသွားလေမလား၊ ဖန်ခါးမြေ မကွေးတိုင်းကိုပဲ လိုက်ပါသွားလေမလားဆိုသည်ကို ရင်ခုန်စွာ စောင့်စား ကြည့်ရှုရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ရင်ပြင်ရှိ တံခွန်တိုင်ဘုရား စေတီ ထီးတော်နှင့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် အလှူငွေကျပ် ၁၄၀၀၀၀ ကို Saw Family International Co., Ltd. ဦးစောကြိုင်-ဒေါ်ကြင်ဌေး သားသမီး မြေးတစ်စုက ဇန်နဝါရီ ၁၄ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ဦးစိန်ဦးတို့က လက်ခံယူစဉ်။ (က-ပ)

(၁၁)ကြိမ်မြောက် မြို့မ ထမနဲပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

မြို့မကျောင်းသား ကျောင်းသူဟောင်းများ အချင်းချင်း ရင်းနှီးချစ်ခင်စွာ တွေ့ဆုံနိုင်ရေး၊ ဒဂုံအထက(၂)၊(၃)တို့မှ ကျောင်းသား ကျောင်းသူဟောင်းများ လက်ကမ်း ကြိုဆိုရေး၊ ရိုးရာမပျက် ထမနဲပွဲကို ပျော်ရွှင်စွာကျင်းပနိုင်ရေးတို့အတွက် (၁၁)ကြိမ်မြောက် မြို့မ ထမနဲပွဲကို ဇန်နဝါရီ ၃၁ ရက် (တပို့တွဲလဆန်း၁၄ရက်) ညနေ ၅ နာရီတွင် မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းတိုက်ရှေ့ (မြို့မ)မြက်ခင်းပြင်တွင် ပျော်ရွှင်ပွဲများနှင့်အတူ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည် ဖြစ်စေ၊ မဝင်သည် ဖြစ်စေ မြို့မ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး၊ အထက(၂)၊(၃)ဒဂုံကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ကြောင်း မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်းမှ ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မြို့နယ်များ၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ၂၃ရက် နံနက်၄နာရီခွဲခန့်တွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာ အုပ်စု မြကန်သာကျေးရွာနေ ဦးညီညီတင် (ပန်ကာလုပ်ငန်း)အိမ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်ခြမ်းကျော် မီးလောင်ခံရ၍ ငွေကျပ် ၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

လမ်းမတော်

ထိုနေ့ ညနေ ၆ နာရီခန့်တွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၂)ရပ်ကွက် ဝါးတန်းလမ်း အမှတ်၄၀ ရှစ်ထပ်တိုက် ခြောက်လွှာနေ အိမ်ငှား ဒေါ်စမ်းစမ်းရီ၏အိမ်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီး ပူဇော်ထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တီဗွီအပေါ်စက်၊ အောက်စက်နှင့် အတွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၈၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

သံဖြူဇရပ်

ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်စခန်းနှင့် ခုနစ်မိုင်ကွာဝေးသော သံဖြူဇရပ်မြို့နယ် ပင ကျေးရွာနေ ဦးအောင်စိန်၏အိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီး ပူဇော်ထားရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရပြီး ငွေကျပ်၁၄၀၀၀၀ဖိုးခန့်ဆုံးရှုံးခဲ့သည်။

လပွတ္တာ

ဇန်နဝါရီ၂၄ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဧရာဝတီတိုင်း မြောင်းမြ မီးသတ်စခန်းမှ ရေမိုင်၂၀ ဝေးကွာသော လပွတ္တာမြို့နယ် လွှစာကျေးရွာနေ ဦးကြည်အေး၏အိမ် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တံငါတဲ ၅၈လုံး၊ စာသင်ကျောင်းတစ်ကျောင်း မီးလောင်ခံရပြီး လူဦးရေစုစုပေါင်း ၂၉၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ် ၇၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဥဿာမြို့သစ်

ဇန်နဝါရီ၂၅ရက် မွန်းလွဲ၁နာရီ ၁၅မိနစ်ခန့်တွင် ပဲခူးတိုင်း ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) နယ်မြေ(၃) ရွှေဂူကြီးဘုရားလမ်းနေ ဒေါ်ရွှေမြတ်၏အိမ်တွင် ဝက်စာကျိုရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ခံရပြီး ငွေကျပ်၈၀၀၀၀ဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက်က အမှတ်(၁၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

● ကျောဖုံးမှ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ စက်ယန္တရားကြီးများရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ရေး၊ စက်သုံးဆီရရှိရေး ကိစ္စရပ်များအပါအဝင် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် Colenco Power Engineering Ltd. မှ စီမံချက်ဒါရိုက်တာနှင့် တမံပိုင်းဆိုင်ရာ အင်ဂျင်နီယာတို့အား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပြီးစီးမှုအခြေအနေကို ကြည့်ရှုကြည်ညိုစဉ်။ (သတင်းစဉ်)

ထို့နောက် အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တည်ဆောက်ရေးလုပ်ငန်းများ၏ ဒီဇိုင်းဆိုင်ရာများ အခြေအနေ၊ ဒေသ၏ ဘူမိဗေဒအနေအထားများ၊ ဒီဇိုင်းပုံစံပြောင်းလဲမှုကြောင့် ပင်မတမံ အူကြောင်း ပြောင်းလဲခြင်း အပါအဝင် ဆောင်ရွက်ရမည့် မြေသားလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများ၏ အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ၌ ကုန်ကျစရိတ် သက်သာသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရေစီမံ့တား ကွန်ကရစ်နံရံ တည်ဆောက်ခြင်း၊ ကုန်းကျောတမံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်း၌အသုံးပြုမည့် အရည်အသွေး အဆင့်အတန်းမှန်သော ကျောက်များရရှိရေးကိစ္စများ၊ ဒီဇိုင်းအသေးစိတ်ရရှိရေး အတွက် Colenco ကုမ္ပဏီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပင်မတမံတည်ဆောက်မည့် လုပ်ငန်းခွင်အနီး ရှုရပ်မှ ရေစီမံ့တား ကွန်ကရစ်နံရံနှင့် ပင်မတမံတည်ဆောက်ရန်

ဘက်စုံစီမံကိန်း

ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းမှာ ရေအား လျှပ်စစ် မဂ္ဂါဝပ် ၁၂၀၀ ထုတ်ယူရရှိပြီး လယ်မြေဧက ၁၀ သိန်းကျော်ကိုလည်း ရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းကြီး ဖြစ်သည်။

၎င်းစီမံကိန်းသည် တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်မည့် နိုင်ငံတော်၏ အကြီးစားဘက်စုံ စီမံကိန်းတစ်ခုဖြစ်သည်။

အကောင်အထည်ဖော်

ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်းအပြင် ရေအားလျှပ်စစ်မဂ္ဂါဝပ် ၅၂၀ထုတ်ယူရရှိမည့် မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၆၀၀ ထုတ်ယူရရှိမည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲကလည်း မုံရွာမြို့နယ် ခတက္ကန်တောင်ရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဗောဓိတစ်ထောင် ဆရာတော်ကြီး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ တည်ထားခဲ့သော လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည်ညိုကြရာ ရှေးဦးစွာ တည်ဆောက်ရေးရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုကြည်ညို

ယင်းနောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြည်ညိုကြသည်။

လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးမှာ ပေ၃၈၀မြင့်ပြီး ပလ္လင်တော်နှင့် ဆိုပါက ၄၂၄ ပေ ရှိမည် ဖြစ်သည်။ လေးကျွန်းစကြာရပ်တော်မူဘုရားကြီး၏ တည်ဆောက်ရေးလုပ်ငန်းများ ၈၆ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်အသားပြု ပြသထားမှုများ၊ ချင်းတွင်းမြစ်အနေအထားနှင့် ပင်မတမံ တည်ဆောက်မည့် ပတ်ဝန်းကျင် အခြေအနေများ၊ ရေပိုလွှဲတည်ဆောက်မည့် နေရာနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေစီမံ့တားကွန်ကရစ်နံရံ စမ်းသပ်ဆောင်ရွက်နေသည့် Test Cell 2 လုပ်ငန်းခွင်ကိုလည်းကောင်း၊ ဆီသိုလှောင်ကန်၊ကွန်ကရစ်ဖျော်စက် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ထမံသီခန်းမ၌ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စီမံကိန်း လုပ်ငန်းအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များ၊ ဝန်ကြီးဌာန နှစ်ခုပေါင်းစပ် ဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ထပ်မံရှင်းလင်း တင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ယန္တရားကြီးများ ဖြည့်တင်းရေး၊ မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်

ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်း

- ❑ ထမံသီ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၂၀၀ ထုတ်ယူရရှိပြီး လယ်မြေဧက ၁၀ သိန်းကျော်ကိုလည်း ရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းကြီးဖြစ်၏။
- ❑ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်မည့် နိုင်ငံတော်၏ အကြီးစား ဘက်စုံစီမံကိန်း တစ်ခုဖြစ်၏။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သောအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ၂၆ရက် ညဂနာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့နှင့် ၎င်းတို့၏ဇနီးများ တက်ရောက် ကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီ နှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေး သံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင် ဆက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မ တော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး တို့သည် အမှတ်တရ လက်ဆောင် ပစ္စည်းများကို အပြန်အလှန်ပေးအပ် ကြသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်း ဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit က ဧည့်ခံဖျော်ဖြေကြသော အနုပညာ ရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။ **(သတင်းစဉ်)**

လောကဥသျှောင်ကြိုတိုင်းအောင်မဟာဗောဓိစေတီတော် မြေသန့်နှင့်အုတ်မြစ်စီမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ချောက်မြို့ မင်္ဂလာဇေယျုံကျောင်း ရန်ကင်းတောင်ပေါ်၌ လောကဥသျှောင် ကြိုတိုင်းအောင် မဟာဗောဓိစေတီတော် မြေသန့်နှင့် မင်္ဂလာအုတ်မြစ်စီ မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ၂၃ ရက်က ကျင်းပခဲ့ပြီး ကျန်ရှိသော စေတီတည်ထား ခြင်းစသည်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ စေတနာရှင်များသည် ဖုန်း–၀၉–၅၁–၁၂၂၉၂ နှင့် ၀၆၁–၂၁၇၄၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

■ *ကျော့ဖုံးမှ*

ယင်းသို့ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မဲခွဲသည့်အဆင့်တွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ၁၀ နိုင်ငံ စုစုပေါင်းနိုင်ငံ ၁၅ နိုင်ငံသာ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲပေးခွင့်ရှိပြီး အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံသာ ဗီတိုအာဏာသုံး၍ ပယ်ချခွင့်ရှိသည်။

လုံးဝလက်မခံ

သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေး ကောင်စီသို့ ဆုံးဖြတ်ချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း လုံးဝလက်မခံဘဲ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်လိုက်ကြောင်း သိရသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးသည် ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှ နိုင်ငံများပူးပေါင်းဖွဲ့စည်းထားသည့် ကမ္ဘာလုံး ဆိုင်ရာအဖွဲ့ကြီးဖြစ်သည်။ ၁၉၅၅ခုနှစ်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံ ဦးဆောင်ကျင်းပခဲ့သော ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး ဘက်မလိုက် အခြေခံမူကြီး(၆)ချက် ချမှတ်ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

၁၁၇ နိုင်ငံ

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံပါဝင်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် နိုင်ငံပေါင်း ၁၁၈ နိုင်ငံ ပါဝင်သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံ ၁၁၇ နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအဖြစ်လည်း ပါဝင်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် မြန်မာနိုင်ငံနှင့်အတူ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ အိမ်နီးချင်းနှင့် ဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်တို့လည်း ပါဝင်ကြပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့လာသူနိုင်ငံအဖြစ် ပါဝင်သည်။

ဝေဖန်သုံးသပ်

ထို့ကြောင့် **မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ယခုကဲ့သို့ ဗီတို Double Veto သုံး၍ ကန့်ကွက်ပယ်ချလိုက် ခြင်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံ အများစုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား အမြတ်တနိုးတန်ဖိုးထားလေးစားမှုနှင့် ဝိုင်းဝန်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကို အထင်ကရ ပြဆိုလိုက်ခြင်းပင်ဖြစ်သည်**ဟု နိုင်ငံတကာရေးရာ လေ့လာအကဲဖြတ်သူများအတွင်း ဝေဖန်သုံးသပ်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူစင်ဒါန ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မ ရိပ်သာ အဖွဲ့ခွဲ(၇၇) တောရတပ်ဦး ကျောင်းတိုက် ပဓာန နာယက ပြည် တွင်း ပြည်ပ သာသနာပြု ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မ ဋ္ဌာနာစရိယ)သည် ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် မီတင်းနေထိုင် သီတင်းသုံးတော်မူကြသော စာသင် စာချသံဃာတော်များနှင့် တိုင်းရင်းသား ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊စားဝတ်နေရေးကိစ္စရပ်များ အစဉ်ထာဝရ ရှင်သန်တိုးတက်နေစေ ရန် ရည်ရွယ်လျက် ဒုတိယအကြိမ် မြောက် ဖြူစင်ဒါနထာဝရငွေပဒေသာ ပင်စိုက်ထူ လှူဒါန်းပွဲအခမ်းအနားကို ယင်းကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)မွန်းတည့်၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်၊ စေတနာရှင်များအနေဖြင့် အောင်ဆန်း တောရတပ်ဦးကျောင်းတိုက် ဖုန်း– ၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ **(က–ပ)**

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၇)ကို ယနေ့နံနက်၉နာရီ က မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်၌ကျင်းပရာ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ**(ယာပုံ)**က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအထွေထွေ အတွင်းရေးမှူး ဦးရန်ဝင်းက ယခင်အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုများ၊ ၂၀၀၆ခုနှစ် အတွက် နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြား ချက်များ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေလိုင်စင် ဆိုင်ရာအမိန့်နှင့် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ရာ တွင် အသင်း၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြင်ဆင်ရေး၊ နိုင်ငံခြားသားပိုင် ဟိုတယ်များ အသင်းဝင်ရောက်ရေး၊ အာဆီယံနိုင်ငံများ ခရီးသွားလုပ်ငန်း သဘောတူညီချက်အား အကောင်အထည်ဖော်ရေးနှင့် အသင်း၏ Website ပြုထား ခြင်း စသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အသင်း၏လှုပ်ရှားမှုများ သွက်လက်ထက်မြက်

ရန် အမှုဆောင်များက တစ်ဦးချင်းအကြံပြု ဆွေးနွေးတင်ပြကြ ပြီး ဇုန်နယ်မြေအလိုက်လည်း ဆွေးနွေးတင်ပြကြသည်။ ထို့နောက် အသင်းဝင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

Science Fair 2007 ပြပွဲကျင်းပ

ILBC Science Fair 2007 ပြပွဲတွင် ပြသထားသော နှစ်ယောက်စီး လျှပ်စစ်ကားကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၇

ကျောင်းသား ကျောင်းသူများ သိပ္ပံပညာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန် ရည်ရွယ်၍ ILBC Science fair 2007 ပြပွဲကို ယနေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBC အားကစားရုံ၌ ကျင်းပသည်။

ပြသထား

အဆိုပါ ILBC Science Fair 2007 ပြပွဲတွင် Wind Turbine၊ Paddle Power Electric Generator၊ Electric Vehicle၊ Amphibious Vehicle တို့ကို ပြသ ထားသည်။

လျှပ်စစ်ကား

အလားတူ နှစ်ယောက်စီး လျှပ်စစ် ကားကို ပြသထားရာ ယင်းလျှပ်စစ် ကားမှာ ဘက်ထရီလေးလုံးမှ ရှစ်လုံး အထိ အသုံးပြုရပြီး တစ်ခါအား သွင်း လျှင် ကီလိုမီတာ၆၀အထိ မရပ်မနား သွားနိုင်ကာ ပုံမှန်အိမ်သုံးအတွက် အားသွင်းချိန်ရှစ်နာရီလျှင် လေးနာရီခန့် အသုံးပြုနိုင်ကြောင်း သိရသည်။

လေ့လာနိုင်

အဆိုပါ စက်ပစ္စည်းများကို ILBC သိပ္ပံဌာနနှင့် ရူပဗေဒဌာနတို့မှ ဆရာ ဆရာမများ၊ သင်္ချာဌာနမှ ဆရာ ဆရာမ များ၊ အထက်တန်း ကျောင်းသား ကျောင်းသူများပူးပေါင်း၍ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သော ပစ္စည်းအများစုဖြင့် စုစည်းတည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ စက်ပစ္စည်းများကို အထက် တန်းကျောင်းသားများ သိပ္ပံလက်တွေ့ ပစ္စည်းတည်ဆောက်မှုလုပ်ငန်းအဖြစ် စတင်၍ လုပ်ဆောင်ခဲ့ရာ ယခု ၂၀၀၇ ခုနှစ် စာသင်နှစ်၏ သိပ္ပံပြပွဲ တွင် ကျောင်းသားလူငယ်များမြင်တွေ့ လေ့လာနိုင်ရန် စီစဉ်ပြသခြင်း ဖြစ် ကြောင်းသိရသည်။

(သတင်းစဉ်)

အိပ်မက်ခရီးကြမ်း

ချစ်နိုင်(စိတ်ပညာ)

အိပ်မက်ခရီးကြမ်း

အိပ်မက်ခရီးကြမ်းဟုဆိုရမည်။ မထင်မှတ်သော ဘဝအတွေ့အကြုံတစ်ရပ်ဖြစ်သည်။ ကျိုင်းတုံသို့သွားမည်ဟု ရည်ရွယ်သည်။ ပျက်သည်။ မန္တလေး(မတ္တရာ၊ တကောင်းဘက်သို့ ခရီးဆက်မည် ကြံရွယ်ခဲ့သည်။) မထွက်ဖြစ်။ ခနေပြုမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆင်းလိုက်ဦးမည်ဟု စီစဉ်ခဲ့သည်။ မသွားနိုင်။

တိုက်ဆိုင်ချင်တော့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့သော မျက်နှာစိမ်းလူတစ်ဦးက မိမိထံသို့ရောက်လာပြီး ဖျာပုံမြို့နယ် မြင်းကကုန်းကျေးရွာမှာ ဆောက်လုပ်ထားသည့် သိန်း ၁၀၀ ကျော်တန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲသို့ အလှူရှင်ကျေနပ်အောင် တက်ရောက်အားပေးလိုက်စမ်းပါဟု တိုက်တွန်းသော စကားတစ်ခွန်းကြောင့် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် သွားခဲ့ပါသည်။ ထိုသူက မြဝတီစာပေတိုက်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ဖြန့်ချိရေးမှူးတာဝန်ထမ်းခဲ့ဖူးသူ ဦးတိုက်စိန်ဆိုသူဖြစ်၏။ မြဝတီစာပေတိုက် စတင်ထူထောင်စဉ်ကပင် ပါဝင်ခဲ့သော ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး အသက် ၇၆ နှစ်အရွယ်ရှိနေပြီ။ မြဝတီ စာပေတိုက်တွင် ၁၉၉၅ မှ ၁၉၉၇ အထိကာလ မိမိစာတည်းမှူးချုပ် လုပ်ရချိန်တွင် ထိုသူမရှိတော့ပါ။ သို့ရာတွင် မဆုံမကြုံလိုက်ရသော်လည်း စာပေတိုက်ဝန်ထမ်းဟောင်းချင်း တစ်ယောက်အပေါ်တစ်ယောက် ရဲဘော် ရဲဘက်သံယောဇဉ်တော့ရှိသည်။ ဦးတိုက်စိန်က သူ၏နှမဖြစ်သူ မြို့နယ်ဆရာဝန်ကြီး အပျိုကြီးနှင့်အတူ မုံရွာ ရွှေဘိုဘက်ရှိ ရေဦးမြို့မှာ နေသူဖြစ်၏။ ရေဦးမှရန်ကုန်သို့ ရောက်လာစဉ်၌ တိုက်တိုက်ဆိုင်ဆိုင် မိမိထံလာတွေ့ပြီး လှိုက်လှဲစွာ ကြားလူအနေနှင့် ဖိတ်ကြားတိုက်တွန်းခဲ့ခြင်းဖြစ်၏။ ရန်ကုန်နှင့် နေပြည်တော် လူးလာခေါက်တုံ့ လွန်းပြန်သွားလာနေရသော မိမိကိုတွေ့ဖြစ်အောင် လာတွေ့သူဖြစ်သဖြင့် သူ့စေတနာကို အလေးထားအပ်သည်။ သူက ဖျာပုံမြို့နယ် မြင်းကကုန်း သံလိုက်သားဖြစ်သည်။ ယခင်က မြင်းကကုန်းရွာ၊ သံလိုက်ရွာများကိုရောက်ဖို့ မဆိုထားဘိ။ အမည်ကိုပင် အမှတ်ထင်ထင် မကြားမိခဲ့ဖူးပေ။ မိမိက မြေလတ်သားဖြစ်သဖြင့် မြစ်ဝကျွန်းပေါ် ဗဟုသုတနည်း၏။

ဖျာပုံသို့

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက သူတို့ခရိုင်အတွင်းရှိ ကျေးရွာအချို့မှာ အလှူရှင် ဒေသခံများက စိတ်အားထက်သန်စွာ ဆောက်လုပ်လှူဒါန်းသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကြီးများ သပ်ရပ်ခံ့ညားစွာဖြင့် သိန်း ၆၀ ကျော်၊ သိန်း ၁၀၀ကျော် အကုန်အကျခံပြီး ဆောက်လုပ်ထားကြသဖြင့် လာရောက်ကြည့်ရှုအားပေးပါဟု ခေါ်နေသည်မှာ အတော်ကြာခဲ့ပြီ။ အခြားတာဝန်များဖြင့် မအားလပ်သောကြောင့် မရောက်နိုင်။ ယခုတော့ ရန်ကုန်မှ နေပြည်တော်သို့မသွားမီ ၂၀၀၆ ခုနှစ်ထဲမှာ နှစ်မကုန်မီ မရောက် ရောက်အောင် သွားမည်ဟု စီစဉ်သည်။ ဤခရီးသည် မမျှော်လင့်ဘဲ အထမြောက် သွားလေတော့သည်။ ဤခရီးမှာ အိပ်မက်ဆန်သည်။

ဒီဇင်ဘာလ ၃၁ ရက် တနင်္ဂနွေနံနက်ခင်းတွင် ကနိရွာ သမစိတ္တ စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်မည်။

ထိုနေ့ နေ့လယ်ပိုင်း၌ အောက်ကမ်းပါးရွာ ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်မည်။ ထို့နောက် သမိန်ထောရွာနှင့် ဖျာပုံတို့သို့ ပြန်ကာ ဖျာပုံမှတစ်ဆင့် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာသို့ သွားရောက် ညအိပ်မည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်၊ တနင်္လာနေ့နံနက်မှာ မြင်းကကုန်းကျေးရွာရှိ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို တက်ရောက် အားပေးမည်။ နေ့လယ် ဖျာပုံ၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမှတစ်ဆင့် ရန်ကုန်သို့ ပြန်လာမည်။ ယင်းသို့စီစဉ်ကာ မိုင် ၂၀၀ ကျော် နှစ်ရက်ခရီးတစ်ညအိပ်ထွက်ခွာကြပါသည်။

နှစ်ဟောင်းနိဂုံး

ဒီဇင်ဘာလအတွင်း ခရီးသွားခဲ့ခြင်းကို ပြန်ပြီးစာရင်းလုပ်ကြည့်သော အခါ မြို့ရွာအတော်များများ ရောက်ရှိခဲ့ကြောင်း သတိပြုမိပါသည်။

၁။ **ဒီဇင်ဘာလ ၂ရက်၊ ၃ရက်။** မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊လက်ပံတန်း၊မင်းလှ၊ အုတ်ဖို၊ ရွှေတောင်မှာညအိပ်။ စာပေဟောပြောပွဲ။ ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ၁၂ရုံး ကို ထိတွေ့အားပေးကြည့်ရှုစစ်ဆေးနိုင်ခဲ့သည်။ ဆရာဒေါက်တာခင်မောင်ညို၊ ဆရာကောင်းသန့်တို့လည်းအတူတူ ဟောပြောရန်လိုက်ပါခဲ့သည်။

၂။ **ဒီဇင်ဘာလ ၁၈ရက်မှ ၂၀ ရက်အထိ**။ရန်ကုန်မှ စစ်တွေသို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ အောင်မင်္ဂလာ၊ ပါဒလိတ်၊ ကျောက်ဆိပ် စသောကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို လေ့လာအားပေးခဲ့ပါသည်။

၃။ **ဒီဇင်ဘာလ ၂၂ရက်မှ ၂၃ရက်အထိ။** မန္တလေးသို့ လေကြောင်းခရီးဖြင့် နေပြည်တော်မှတစ်ဆင့် သွားရောက်ကာ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး အနီးစခန်းကျေးရွာများသို့ ထိတွေ့စစ်ဆေးသည်။ ဝန်ထမ်းတက္ကသိုလ်သို့ သင်တန်းပို့ချရင်း သွားခဲ့ခြင်းဖြစ်ပါသည်။

၄။ **ဒီဇင်ဘာလ ၂၅ရက်။** ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပင်လယ်ကမ်းခြေရှိ မီးပြရွာကျေးရွာစာကြည့်တိုက်ကို စစ်ဆေးပြီး ဆရာချစ်စံဝင်း၊ ဆရာညွန့်ဟံ(ကြူတော)တို့နှင့်အတူ စာဆိုတော်နေ့ စာပေဟောပြောပွဲပြုလုပ်ခဲ့ကြသည်။ နေ့ချင်းပြန်ခရီးဖြစ်ပါသည်။

၅။ **ဒီဇင်ဘာလ ၃၀ရက်နှင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁ရက်။** ဖျာပုံခရိုင်အတွင်းရှိ ကနိရွာ၊ အောက်ကမ်းပါးရွာနှင့် မြင်းကကုန်းရွာများအထိ ခြေဆန့်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

မြေကြောကိုရှုံ့ခဲ့ပြီ

လွန်ခဲ့သော ၁၀နှစ်ကဆိုလျှင် အသွားအပြန် ခုနစ်ရက်ခန့်ကြာမည့် ခရီးသည် မြစ်ကူးတံတားကြီးများ တည်ဆောက်ကာ ကားလမ်းတွေ ဖောက်လုပ်ထားသဖြင့် ယနေ့အချိန်အခါ၌ အသွားတစ်ရက်၊ အပြန်တစ်ရက်နှင့် လျင်မြန်သွက်လက်စွာသွားလာနိုင်ခဲ့ပြီ။ မြစ်ကြောင်း ရေလမ်းကိုသာ အဓိကအားထားခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသ၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း၃၀ ကျော် လက်နက်ကိုင်သောင်းကျန်းသူများ အမြစ်တွယ်ကာ ရှိနေခဲ့သော ဧရာဝတီတိုင်းသည် ယခုအခါတွင်မူ တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာရေး အပြည့်အဝရှိနေကာ စီးပွားရေးများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပေပြီ။ အဘယ်ကြောင့် အရှိန်အဟုန်ကောင်းရသနည်း။ အောက်ဖော်ပြပါ မြစ်ချောင်းတူးမြောင်းများကို ပူးတွဲပါတံတားများပေါ်မှ ကျော်ဖြတ်နိုင်ခဲ့ခြင်းက အဖြေပင်ဖြစ်သည်–

၁။ လှိုင်မြစ်	ဘုရင့်နောင်တံတား
၂။ ဧရာဝတီမြစ်	ဗိုလ်မြတ်ထွန်းတံတား
၃။ ဧရာဝတီမြစ်	မအူပင်တံတား
၄။ သာယာဝဲချောင်း	ကျိုက်လတ်တံတား
၅။ ဂုံညင်းတန်းမြစ်	ဂုံညင်းတန်းတံတား
၆။ ဧရာဝတီမြစ်	ဖျာပုံတံတား
၇။ တိုးမြစ်	ဒေးဒရဲတံတား
၈။ ကံဘဲ့ချောင်း	ကော့မှူးတံတား
၉။ တွံတေးတူးမြောင်း	တွံတေးတံတား
၁၀။ ပန်းလှိုင်မြစ်	ပန်းလှိုင်တံတား

ဧရာဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများ ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာစေရေးအတွက် တိုးမြစ်ကိုဖြတ်၍ ဆောက်လုပ်ထားသည့် ဒေးဒရဲတံတားကြီးကို ဤသို့တွေ့ရသည်။

ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့စေရန်အတွက် တည်ဆောက်ပေးခဲ့သည့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတားကို ဤသို့ တွေ့ရသည်။

ချမ်းသာချင်လျှင် လမ်းဖောက်ပါ

ဧရာဝတီတိုင်းအတွင်း ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ မြောင်းမြတံတား၊ကန်ကြီးထောင့်တံတား၊ ကျောင်းကုန်းတံတား၊ ဒါးကတံတား အစရှိသော မြစ်ကူးတံတားကြီးပေါင်းမြောက်မြားစွာကို တပ်မတော်အစိုးရက စေတနာထက်သန်စွာ စီမံချက်ချကာ ဆောက်လုပ်ခဲ့ပြီးသဖြင့် လမ်းပန်းဆက်သွယ်ရေးသည် အိပ်မက်ပမာ ထူးခြားလွယ်ကူ ကောင်းမွန်လာခဲ့သည်။ ချမ်းသာချင်လျှင် လမ်းဖောက်ပါဟူသော တရုတ်ရှေးရိုးရာဆိုရိုးစကားအတိုင်း လမ်းတွေဖောက်သဖြင့် ချမ်းသာလာပေပြီ။ တိုင်းတစ်ခုလုံး လုံခြုံအေးချမ်းအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူတို့၏ အောင်ပွဲဖြစ်သည်။ တည်ဆောက်ရေးများကို အခြေခံကျကျ နည်းမှန်လမ်းမှန် စီမံနိုင်ခဲ့သည်။ ပြည်သူများ တက်ကြွစွာ ပါဝင်သည်။

ရိုးသား ကြိုးစား နိုးကြားသော ဧရာဝတီတိုင်းသားတို့သည် မြန်မာပြည်၏ စပါးကျီအဖြစ် ရပ်တည်ခဲ့ရုံမျှသာမက ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၊ ငါး၊ ပုစွန်များ၊ ကြံ၊ ဂုန်လျှော်စသည့် ထွက်ကုန်များကို ရှေးကာလထက် အရေအတွက်ကော အရည်အသွေးပါ တိုးတက်ထုတ်လုပ်ဖြန့်ဝေနိုင်ပေပြီ။ ကိန်းဂဏန်းများဖြင့် သက်သေသာဓကနှင့်အတူ ဖော်ပြနေစရာ မလိုပြီ။

တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၏ အကျိုးကျေးဇူးကို ဆယ်စုနှစ်ကာလအတွင်း လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုးခြင်းဖြင့် သိသာမြင်သာသည်။ ကားလမ်းများပေါက်လာအောင် တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့သည် ညီညာစွာ အားခဲတည်ဆောက်ခဲ့ကြရပါသည်။ ချွေးသံရွှဲရွှဲဖြင့် အဆင်းရဲအပင်ပန်းခံပြီး ဖောက်လုပ်ခဲ့ကြရသည်။ မည်သည့် ပြည်ပအကူအညီ အထောက်အပံ့မှမရခဲ့၊ မယူခဲ့ချေ။ စက်ယန္တရားကြီးများ၏ ခွန်အားမျိုးလည်းမသုံးနိုင်ခဲ့ကြသေးပေ။ ရိုးသားမှုနှင့် ကြိုးစားမှုကို အရင်းတည်လျက် ချွေးစက်များဖြင့်သာ မိမိတို့ခက်ခဲစွာ တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။

အိပ်မက်က တကယ်

နောင်လာနောက်သားကောင်းစားပါစေဟူသော ဖြူစင်သည့် စေတနာဖြင့် အနစ်နာခံခဲ့ကြသည်။ အိပ်မက်တံတားကြီးများသည် ချောင်းတွေ၊ မြောင်းတွေ၊မြစ်ကြီးတွေကို ဖြတ်ကျော်ပြီး ခရီးတွင်ကျယ်အောင် အလျှိုလျှို ပေါ်ပေါက်လာခဲ့သည်။ ဟင်္သာတ–ရန်ကုန်၊ ပုသိမ်–ရန်ကုန်၊ မြောင်းမြ–ရန်ကုန်၊ ဝါးခယ်မ–ရန်ကုန်၊ဖျာပုံ–ရန်ကုန်၊ မအူပင်–ရန်ကုန် နေ့ချင်းပြန်ကားများဖြင့် သွားလာမှုတွေ လက်တွေ့လွယ်ကူ အဆင်ပြေနေပုံမှာ ရှေးလူကြီးများ၏ အိပ်မက်စိတ်ကူးများ လက်တွေ့မျက်မြင် အကောင်အထည်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

နိုးကြားစွာ၊ ရိုးသားစွာ ကြိုးစားလျှင် အိပ်မက်များတကယ် အကောင်အထည်ပေါ်လာကြပါတကား။ ။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်ရှိ တင်ဒါရောင်းချမည့် လပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့် အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသားသင်တန်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများ၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဦးငွေးလွင်နှင့် အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်တို့ ဦးဆောင်၍ အထောက်အကူပြု အဖွဲ့များနှင့်အတူ ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)မှ ဇန်နဝါရီ၂၃ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့လည်းကောင်း၊ ဇန်နဝါရီ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌လည်းကောင်း လေ့လာရေးခရီးစဉ်အဖြစ် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးသိန်းဆွေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ကထိက(စာပေ) ဦးမြင့်သိန်းက ကျောင်း၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် သင်တန်းများ လေ့ကျင့်အကောင်အထည်ဖော်ဆောင်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဇဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီး ဦးသိန်းဆွေနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ တိုင်းရင်းသူနှစ်ဦးတို့သည် လေ့လာရေး အထိမ်းအမှတ်အလံနှင့် အမှတ်တရ ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ လေ့လာရေး အဖွဲ့ဝင်များသည် ဇဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းအတွင်းရှိ ပန်းသစ္စာမြေ စပျစ်ခြံ၌ ကာရီနယ်အမျိုးအစားနှင့် ဘစ်ဘလက် အမျိုးအစားစပျစ်ပင်များကို စင်တင်စနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေနှင့် သစ်ခွခြံတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေး အဖွဲ့ဝင်များသည် မိတ္ထီလာမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေ ၅ နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိကြသည်။

ယင်းနောက် ရွှေစည်းခုံစေတီတော် ရင်ပြင်ရှိ ဘက်စုံအလှူခံဌာန တန်ဆောင်း၌ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လေ့လာရေး အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပူဇော်ကြည်ညို

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက ရွှေစည်းခုံဘုရားကြီးအတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုကြီးထံ ပေးအပ်လှူဒါန်းကြပြီး ရွှေစည်းခုံ ဘုရားကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့် ဘုရားသို့လည်းကောင်း၊ အာနန္ဒာဘုရားသို့လည်းကောင်း၊ လောကနန္ဒာစွယ်တော်ဘုရားသို့လည်းကောင်း လှည့်လည်သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ၌ ညအိပ်ရပ်နားကြသည်။

ထို့နောက် လေ့လာရေးသင်တန်းသား သင်တန်းသူများသည် ဇန်နဝါရီ ၂၄ ရက် နံနက် ၆ နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဖူးဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ပုဂံမြို့ဟောင်းရှိ သမဝါယမဝန်ကြီးဌာန၏ ယွန်းပညာကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီးဦးသောင်းလင်းက ယွန်းပညာကောလိပ် နောက်ခံသမိုင်းနှင့် ယွန်းပညာကောလိပ်မှ သင်ကြားပေးသော ယွန်းအတတ်ပညာ သင်တန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းမောင်က ယွန်းပညာကောလိပ် ယွန်းကြိုး သင်တန်းခန်းမ၌ ယွန်းအတတ်ပညာ အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။

ရှေးဟောင်းသုတေသနပြတိုက်

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ပြတိုက်တာဝန်ခံ ဦးမျိုးညွှန့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပုဂံ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာ ပစ္စည်းများ၊ ပုဂံခေတ်လူနေမှုပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်း၊ ပုဂံခေတ် လက်မှုအနုပညာပြခန်းများကိုလှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေမှ ညောင်ဦး–ကျောက်ပန်းတောင်း ကားလမ်း၊ ကျောက်ပန်းတောင်း–မိတ္ထီလာကားလမ်းတို့အတိုင်း ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ဆက်လက် ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ ရောက်ရှိ၍ ညအိပ် ရပ်နားကြသည်။

ပြသဖျော်ဖြေ

ညပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း၌ လေ့လာရေး အဖွဲ့ဝင် များအား မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်မှ သတင်းမှတ်တမ်း ရုပ်ရှင်ကားများနှင့် ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို ဒါရိုက်တာအကယ်ဒမီ ကြည်စိုးထွန်း ရိုက်ကူးပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ပါဝင်သရုပ်ဆောင်ထားကြသော **"ချစ်ခြင်းငယ်ဖြိုင်"**ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများ ယွန်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၁–၂၀၀၇ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅	၆။	အတီးပြိုင်ပွဲ
၈:၂၅	၇။	ခရမ်းချောင်းတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	Yan Can Cook
၁၁:၅၀	၅။	မြန်မာရုပ်ရှင် **"ရွှေပင်နားတော့ ရွှေကျေး"** ညွှန့်ဝင်း၊ ခင်သန်းနု (ဒါရိုက်တာ–ကြည်စိုးထွန်း)
၁၃:၄၀	၆။	ပိုင်ကျုံရေထိန်းတံခါး
၁၃:၅၅	၇။	အတီးပြိုင်ပွဲ
၁၄:၁၅	၈။	**"စည်းကမ်းလိုက်နာ အေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၄:၃၀	၉။	အကပြိုင်ပွဲ
၁၄:၄၅	၁၀။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀	၅။	မြန်မာနိုင်ငံတွင် ပယောဂကင်းကင်း ဖြူစင်သောစိတ်ရင်းဖြင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိသည် (အပိုင်း–၂)
၁၇:၁၅	၆။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၇။	ညနေခင်းသတင်း
၁၈:၃၀	၈။	မိုးလေဝသအခြေအနေ
၁၈:၃၅	၉။	သီရိဂေဟာ
၁၉:၀၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၁၆)
၂၀:၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၂၀)

နတ်ဘုန်းရှိန် ဆုတောင်းပြည့်စေတီ ရွှေထီးတော်နှင့် စိန်ဖူးတော်သစ် တင်လှူမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်း အတွင်းရှိ ဗျိုင်းရွာမ ရပ်ကွက်လုံးဆိုင်ရာ နတ်ဘုန်းရှိန်စေတီတော်မြတ်အား ရွှေထီးတော်နှင့် စိန်ဖူးတော် အသစ်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (စနေနေ့)တွင် နတ်ဘုန်းရှိန် ဂေါပကအဖွဲ့ကကြီးမှူး၍ သာသနာ ရောင်ခြည်ကုသိုလ်ဖြစ် ထီးတော်တင် အဖွဲ့နှင့် တင်လှူပူဇော်မည်ဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် (နာယက) ဥသြဦးမောင်မောင် ဖုန်း– ၅၅၇၃၃၅၊ ၀၉–၅၁–၀၈၉၅၄၊ (ဥက္ကဋ္ဌ)ဦးမြအုန်း ဖုန်း ၀၉–၉၉–၂၀၃၃၈၊ ၀၉–၅၁–၄၄၅၈၇၊ (ဒုတိယ ဥက္ကဋ္ဌ)ဦးဘူမောင် ဖုန်း–၀၉– ၅၁–၁၈၀၀၇ နှင့် (အတွင်းရေးမှူး) ဦးခင်မောင်အုန်း ဖုန်း– ၅၄၉၄၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၈–၁–၂၀၀၇)ရက်

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၁–၂–၂၀၀၇)ရက်
နှင့်
(၂၅–၂–၂၀၀၇)ရက်

သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) (၁၀၁)နှစ်မြောက်မွေးနေ့
(၆–၂–၂၀၀၇)ရက်နေ့မှ(၁၀–၂–၂၀၀၇)အထိ ကျင်းပမည်။

၂၀၀၇ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲများကျင်းပ မောင်မြန်မာဆု ထွန်းထွန်းဦးဆွတ်ခူးရရှိ မယ်မြန်မာဆု အေးမြမြဝင်းလှသရဖူဆောင်း

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ်အတွက် မောင်မြန်မာနှင့် မယ်မြန်မာပြိုင်ပွဲများကို ဇန်နဝါရီ၂၇ရက်က မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။

အဆိုပါ မောင်မြန်မာပြိုင်ပွဲနှင့် မယ်မြန်မာပြိုင်ပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သတင်းမြင်ကွင်းအဖြစ် တင်ပြပေးနိုင်ရန် သွားရောက်ကြည့်ရှုခဲ့သည်။

ယင်းမြန်မာကွန်ဗင်းရှင်းစင်တာအတွင်း ဝင်ရောက်လိုက်သည်ဆိုလျှင်ပင် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်မောင်မယ်များအသီးသီးရောက်ရှိနေကြပြီဖြစ်သည်။ ပရိသတ်များလည်း တဖွဲဖွဲရောက်ရှိလာလျက်ရှိသည်။

ကြေညာ

ပြိုင်ပွဲကို မွန်းတည့်၁၂နာရီကျော်ကျော်တွင် ဖွင့်လှစ်သည်။ ပြိုင်ပွဲမကျင်းပမီ အစီအစဉ်များကို သက်ဆိုင်ရာက ကြေညာပေးနေသည်။

ပထမဦးစွာ ယှဉ်ပြိုင်သည့်အဖွဲ့မှာ မောင်မြန်မာ(အငယ်တန်း) ပဏာမရွေးချယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင် ၂၀ ပါဝင်ကြသည်။ ယင်းတို့မှာ မင်းအောင်၊ နိုင်ဝေဝင်း၊ ရဲလင်းအောင်၊ ဇော်ဟိန်း၊ အောင်ချမ်းလင်း၊ စိုးထွန်း၊ ဝင်းလွင်ပြည့်စုံ၊ သန်းနိုင်၊ မျိုးလင်းအောင်နှင့် ထွန်းဝင်းနိုင်၊ ဟိန်းမောင်မောင်လှ၊ သန့်ဇင်၊ မိုးဆွေ၊ မောင်ရှမ်း၊ ကျော်ဆန်းဝင်း၊ ဇာလီတင်၊ ခင်မောင်ကျော်၊ ထွန်းခင်၊ ကျော်ဇေယျနှင့် မောင်မောင်ကြည်တို့ဖြစ်ကြသည်။

အကဲဖြတ်ပေး

ယင်းတို့အား ငါးဦးစီတစ်ဖွဲ့ ယှဉ်ပြိုင်စေသည်။ ပြိုင်ပွဲဝင်များအား အကဲဖြတ်ဒိုင်လူကြီး ကိုးဦးက အကဲဖြတ်ပေးသည်။ ယင်းမောင်များအား သတ်မှတ်ပြိုင်ပွဲဝင်ဟန်ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်စေခဲ့သည်။ ထိုသို့ ယှဉ်ပြိုင်ရာတွင် လက်မောင်း ကြွက်သား၊ ပခုံး၊ ကျော၊ ဝမ်းဗိုက်၊ ပေါင်၊ ခြေသလုံးအစရှိသော ကြွက်သား အဖု၊ အထစ်၊ အလုံးများ ဟန်ချက်ညီညီ ထုတ်ပြသွားသည်မှာ ပြပွဲလာပရိသတ်များအကြိုက်တွေ့၍ လက်ခုပ်သြဘာသံများ တစ်ခန်းလုံးသောသောညံသွားသည်။

၂၀၀၇ခုနှစ်အတွက် မယ်မြန်မာ အေးမြမြဝင်းအား လှသရဖူဆောင်းလျက် ဆုတံဆိပ်နှင့် အတူ ဤသို့ တွေ့ရသည်။

အဆိုပါ မောင်အငယ်တန်းများသည် ငါးယောက်တစ်ဖွဲ့စီ ယှဉ်ပြိုင်သွားခဲ့သည်။ အယောက် ၂၀ ရှိ၍ လေးကြိမ်ပြိုင်ရသည်။ ထိုသို့ ယှဉ်ပြိုင်မှုအပြီး မောင်မြန်မာ(အငယ်တန်း) ပဏာမယှဉ်ပြိုင်မှုကို တစ်ခန်းရပ်ပြီး မောင်မြန်မာ(အကြီးတန်း) ပဏာမယှဉ်ပြိုင် ရွေးချယ်မှုကို စတင်သည်။

အကြီးတန်း

မောင်မြန်မာ(အကြီးတန်း)တွင် ပြိုင်ပွဲဝင်ရှစ်ဦးပါဝင်သည်။ ပြိုင်ပွဲဝင်အားလုံးသည် မြန်မာ့ကာယဗလ အကျော်အမော်များ ဖြစ်ကြသည်။ ယင်းတို့မှာ ခါးနံပါတ်(၁) ကျော်ဆန်းမောင်၊ ခါးနံပါတ်(၂) အောင်ကြီး၊ ခါးနံပါတ်(၃) အောင်ဆွေနိုင်၊ ခါးနံပါတ်(၄)ထွန်းထွန်းဦး၊ ခါးနံပါတ်(၅) ဇော်ဝမ်း၊ ခါးနံပါတ်(၆) အောင်ခိုင်ဝင်း၊ ခါးနံပါတ်(၇) ခွန်တင်မောင်မောင်၊ ခါးနံပါတ်(၈) မင်းဇော်ဦးတို့ ဖြစ်ကြသည်။

အဆိုပါ မောင်မြန်မာ(အကြီးတန်း)ရှစ်ဦးလည်း ပြိုင်ပွဲဝင်ဟန်ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်သွားခဲ့သည်။ လူတစ်ကိုယ်လုံးရှိ ကြွက်သားများကို ပြိုင်ပွဲဝင်ဟန် ခုနစ်မျိုးဖြင့် ထုတ်ပြသွားသည်။ အကဲဖြတ်ဒိုင်ကိုးဦးက အကဲဖြတ် အမှတ်ပေးခဲ့သည်။ ယင်းတို့အနက်မှ အကောင်းဆုံး မောင်ခြောက်ဦးကို နောက်ဆုံးအဆင့် ပါဝင်ယှဉ် ပြိုင်ခွင့်ပေးခဲ့သည်။ ၎င်းမောင်မြန်မာ(အကြီးတန်း)ပဏာမရွေးချယ်ယှဉ်ပြိုင်မှုအပြီး မယ်မြန်မာပြိုင်ပွဲကို စတင်သည်။ မယ်မြန်မာပြိုင်ပွဲတွင် နာမည်ကြီး မယ် ၁၁ ဦးပါဝင် ယှဉ်ပြိုင်ခဲ့သည်။

စိတ်ကြိုက်ဝတ်စုံ

ယင်းတို့မှာ အေးမြမြဝင်း၊ ခင်သက်မွန်ဝင်း၊ ဝတ်ရည်ဖြိုး၊ သဇင်မှူး၊ သီရိမေ၊ ဇာခြည်တင်မောင်၊ ဆုရည်နန္ဒာ၊ လင်းလင်းထက်၊ ဝင့်နန္ဒီကျော်၊ ခိုင်စန္ဒာဦးနှင့် ဌေးဌေးသန်းတို့ ဖြစ်ကြသည်။ ယင်းတို့အား ပြိုင်ပွဲဝင်ပုံစံ နှစ်မျိုးဖြင့် ယှဉ်ပြိုင်စေခဲ့သည်။ ပထမပြိုင်ပွဲဝင်ပုံစံမှာ စိတ်ကြိုက်ဝတ်စုံဖြင့် ယှဉ်ပြိုင်ခွင့်ပြုထားသည်။ ဒုတိယပြိုင်ပွဲဝင်ပုံစံမှာ မယ်မြန်မာသတ်မှတ်ဝတ်စုံဖြင့် ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

ပထမပြိုင်ပွဲဝင်ပုံစံ စိတ်ကြိုက်ဝတ်စုံပြိုင်ပွဲတွင် မိမိနှစ်သက်ရာ ဝတ်စုံဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း ကြေညာထားသော်လည်း အားလုံးနီးပါး မြန်မာပြည်တွင်းဖြစ် ချည်ထည်များ ဝတ်ဆင်လျက် ပြိုင်ပွဲဝင်ကြသည်ကို တွေ့ရသည်။ ယင်းပြိုင်ပွဲဝင် ပုံစံတွင် ကိုယ်ဟန်အနေအထား၊ လမ်းလျှောက်ခြင်း၊ ရပ်တည်မှု၊ မိတ်ကပ်၊ ဝတ်စုံဆင်မြန်းမှုနှင့် မျက်နှာလှပမှုတို့ကို အခြေခံလျက် ရမှတ် ၄၀ ပေးထားကြောင်း သက်ဆိုင်ရာက ကြေညာသည်။

ယင်းတို့သည် တစ်ဦးချင်းဖြင့် လည်းကောင်း၊ အုပ်စုလိုက်ဖြင့် လည်းကောင်း၊ ရှေ့ နောက် ဘေးကိုယ်ဟန်အမျိုးမျိုး လမ်းလျှောက်ပြသသွားသည်။

မောင်မြန်မာ(အငယ်တန်း)ဗိုလ်လုပွဲ

မောင်မြန်မာ(အငယ်တန်း) ဗိုလ်လုပွဲတွင် မောင် ၁၀ဦးအား စောစောကယှဉ်ပြိုင်ခဲ့သည့် ၂၀ မှ ရွေးချယ်ခဲ့သည်။ ယင်းတို့မှာ နိုင်ဝေဝင်း၊ ဇော်ဟိန်း၊ အောင်ချမ်းလင်း၊ ဝင်းလွင်၊ ပြည့်စုံ၊ သန်းခိုင်၊ မောင်ရှမ်း၊ ဇာလီတင်၊ ကျော်ဇေယျနှင့် မောင်မောင်ကြည်တို့ ဖြစ်ကြသည်။

ယင်းတို့သည် တစ်ဦးချင်းဖြင့် လည်းကောင်း၊ အဖွဲ့လိုက်ဖြင့်လည်းကောင်း ပြိုင်ပွဲဝင်ပုံစံ ခုနစ်မျိုးဖြင့် ကာယဗလအလှ ကြွက်သားများကို ထုတ်ဖော်ပြသခဲ့သည်။ အကဲဖြတ်ဒိုင်ကိုးဦးက အကဲဖြတ်အမှတ်ပေးသည်။

ကာယဗလမောင်များ တီးလုံး တီးကွက်များဖြင့် လက်မောင်း၊ ဝမ်းဗိုက်၊ ပခုံး၊ ကျော၊ ရင်သား၊ ပေါင်၊ ခြေသလုံး အစရှိသော ကြွက်သားများကို ညှစ်ထုတ်ပြသသည်။ ပြကွက်များမှာ ပရိသတ်များအကြိုက် တွေ့စေခဲ့သော ပြကွက်များဖြစ်သည်။

သတင်းမြင်ကွင်း - မြင့်မောင်စိုး
ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

မယ်မြန်မာသတ်မှတ်ဝတ်စုံယှဉ်ပြိုင်

ယင်းနောက် မယ်မြန်မာသတ်မှတ်ဝတ်စုံဖြင့် ယှဉ်ပြိုင်သည့် အစီအစဉ်ကိုစသည်။ စောစောက တင်ပြခဲ့သည့် မယ် ၁၁ဦး ပြန်လည်၍ သတ်မှတ်ဝတ်စုံဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

တစ်ဦးချင်းမယ်မြန်မာ သတ်မှတ်ဝတ်စုံဖြင့် ထွက်လာပြီး အသီးသီးရှေ့နောက်နှင့် ဘေးဘက်အနေအထားတို့ဖြင့် နူးညံ့ပျော့ပျောင်းစွာ ကိုယ်ဟန်ပြကြသည်။ ထိုအတော အတွင်း အဆိုတော်ကိုအံ့ကြီး၏ သန်မာထွားကျိုင်း x x x အစချီသော တီးလုံး တေးသွားလေးက မယ်မြန်မာများ၏ ပြကွက်များကို ပံ့ပိုးပေးနေသည်။ မယ်မြန်မာပြိုင်ပွဲဝင်အားလုံး တစ်ဦးချင်းယှဉ်ပြိုင်မှုအပြီး အဖွဲ့လိုက် ကိုယ်ဟန်ပြကြသည်။ မယ်မြန်မာသတ်မှတ်ဝတ်စုံ ပြိုင်ပွဲတွင်နှုတ်မေးဖြင့် အမေးအဖြေကိုလည်း ထည့်သွင်းထားသည်။ မယ်များ၏

၂၀၀၇ခုနှစ်အတွက် မောင်မြန်မာ(အငယ်တန်း) ပထမဆုရ သန်းနိုင်အား ဆုတံဆိပ်နှင့်အတူ ဤသို့ တွေ့ရသည်။

အသံကြည်လင်မှုနှင့် ရဲရင့်ပြတ်သားစွာ ဖြေကြားမှုကို အခြေခံ၍ အမှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းတို့အား မေးမြန်းသည့်မေးခွန်းများတွင် အသားအရေကိုမည်သို့ လှပအောင်ထိန်းမလဲ၊ ခန္ဓာကိုယ်တွင် အဆီများသော အစားအစာများကို ဖော်ပြပါ စသောမေးခွန်းများဖြစ်သည်။

မောင်မြန်မာ(အကြီးတန်း)ဗိုလ်လုပွဲ

ယင်းနောက် မောင်မြန်မာ(အကြီးတန်း) ဗိုလ်လုပွဲကို စတင်ရာ ကျော်ဆန်းမောင်၊ အောင်ဆွေနိုင်၊ ထွန်းထွန်းဦး၊ ဇော်ဝမ်း၊ အောင်ခိုင်ဝင်းနှင့် မင်းဇော်ဦးတို့ ခြောက်ဦးပါဝင်သည်။ ပြိုင်ပွဲဝင်များအားလုံး ပဏာမရွေးချယ်ခဲ့စဉ်ကအတိုင်း ပြိုင်ပွဲဝင်ပုံစံခုနစ်မျိုးဖြင့် ယှဉ်ပြိုင်စေခဲ့သည်။ ထို့အပြင် တစ်ဦးချင်းအားလည်း စိတ်ကြိုက် တီးလုံးတီးကွက်များဖြင့် ယှဉ်ပြိုင်စေခဲ့သည်။

ဆွတ်ခူးနိုင်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မောင်မြန်မာ(အငယ်တန်း)ပထမဆုကို သန်းနိုင်ကလည်း ကောင်း၊ ဒုတိယဆုကို မောင်မောင်ကြည်က လည်းကောင်း၊ တတိယဆုကို အောင်ချမ်းလင်းက လည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

မောင်မြန်မာ(အငယ်တန်း)ဆု ဆွတ်ခူးခဲ့သည့်သန်းနိုင်သည် ၂၀၀၅ခုနှစ်က မောင်မြန်မာ(အငယ်တန်း) ဒုတိယဆုကို ဆွတ်ခူးခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် ရခိုင်ပြည်နယ် စစ်တွေမြို့မှ လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၀၇ခုနှစ်အတွက် မောင်မြန်မာ ထွန်းထွန်းဦးအား ဆုတံဆိပ်နှင့်အတူ ဤသို့ တွေ့ရသည်။

မောင်မြန်မာ(အကြီးတန်း)

မောင်မြန်မာ(အကြီးတန်း)ပထမဆုကို ထွန်းထွန်းဦးက လည်းကောင်း၊ ဒုတိယဆုကို အောင်ဆွေနိုင်က လည်းကောင်း၊ တတိယဆုကို အောင်ခိုင်ဝင်းက လည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

၂၀၀၇ခုနှစ် အတွက် မောင်မြန်မာ ပထမဆုရ ထွန်းထွန်းဦးသည် တပ်မတော်လေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ကြပ်တစ်ဦးဖြစ်သည်။ ၎င်းသည် ၁၉၉၉ ခုနှစ်က ထိုင်းနိုင်ငံ၌ကျင်းပသော အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် မောင်မြန်မာ(အကြီးတန်း) ဒုတိယဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း ၎င်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

မယ်မြန်မာ

၂၀၀၇ ခုနှစ်အတွက် မယ်မြန်မာဆုကို ထုတ်ပြန်ကြေညာရာ အေးမြမြဝင်းက ပထမ၊ ဝတ်ရည်ဖြိုးက ဒုတိယဆွတ်ခူးပြီး သီရိမေက တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ် မယ်မြန်မာဆုရ အေးမြမြဝင်းသည် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့မှ လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ် တတိယနှစ် တက်ရောက်နေသော ကျောင်းသူတစ်ဦးဖြစ်ကြောင်း သိရသည်။

ဝမ်းသာပီတိဖြစ်

"ယခုကဲ့သို့ မယ်မြန်မာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပထမဆုရမယ်လို့ မျှော်မှန်းမထားခဲ့ပါဘူး၊ ဒါပေမယ့် ယခုလို မထင်မှတ်ဘဲ မယ်မြန်မာဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု မယ်မြန်မာဆုရှင် အေးမြမြဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

"နောင်လာမယ့် ပြိုင်ပွဲတွေမှာလဲ ယခုလိုမျိုး အောင်မြင်မှုများ ရရှိစေရန် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တွေ့ဆုံမေးမြန်း

ပြိုင်ပွဲအပြီး ဆုရရှိကြသော မောင်မြန်မာ၊ မယ်မြန်မာများအား မီဒီယာသမားများ တွေ့ဆုံမေးမြန်းမှုနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးမှုများဖြင့် စင်မြင့်ပေါ်၌ အလုပ်များနေချိန်တွင် ခန်းမကြီးအတွင်းတစ်နေရာမှ "အားကစား x x x မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို စောင့်ရှောက်နေခြင်းဖြစ်ပါသည်။ အားကစား x x x ရည်မှန်းချက်သည် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်" ဟူသော တေးသီချင်းဖြင့် ပြိုင်ပွဲကို အဆုံးသတ်ခဲ့သည်။ ။

(မြန်မာ့အလင်း)

Event Master Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးအောင်ဆွေမြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်(၁၀၁)နှစ် အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထား

သတင်းမြင်ကွင်း-မြင့်မောင်စိုး
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကြီးသည် လူသိများ ကျော်ကြားလှသည့် ဥယျာဉ်ကြီး ဖြစ်သည်။ ရှားပါး တိရစ္ဆာန်များကို တစ်စုတစ်ဝေးတည်း ကြည့်ရှု လေ့လာနိုင်အောင် စီမံဆောင်ရွက်ထားခြင်းကြောင့်လည်း ခရီးသွားပြည်သူများအတွက် အပန်းလည်းပြေ၊ ဗဟုသုတလည်း တိုးပွားစေသည်မှာ အမှန်ပင် ဖြစ်ပေသည်။

ခရီးသွားပြည်သူများ၊ အပန်းဖြေ အနားယူကြသူများ၊ ဒေသန္တရ ဗဟုသုတ ရှာမှီးကြသူများ လာရောက်ရာ ခရီးသွားစားကျက်လည်း ဖြစ်နေသည်။

တစ်နည်းအားဖြင့် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်ကြီးသည် လူသူအရောက် အပေါက်နည်းသော တောကြီးဂနိုင် ဇာတိဖွားများ ဖြစ်ကြသည့် ချေ၊ ဒရယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ မြွေ၊ ပဒတ်နှင့် ကျား၊ ဆင်၊ ရေမြင်း၊ ငှက်တစ်သင်းတို့၏ ပျော်စံရာ မြို့လယ်က စံတောမြိုင်ကြီးပင် ဖြစ်သည်။

အဆိုပါ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကြီး တည်ထောင် မွေးဖွားလာခဲ့သည်မှာ နှစ်ပေါင်း (၁၀၀) ပြည့်လို့ တစ်နှစ်တောင်စွန်းခဲ့ပြီဖြစ်သည်။ နှစ်ပေါင်း (၁၀၁)နှစ်ပြည့်မြောက်ခြင်းနှင့်အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီး၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်လည်း မြန်မာ့အလင်း သတင်းအဖွဲ့သည် အများပြည်သူများအား ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပေးရန် ဆိုသော ရည်ရွယ်ချက်များဖြင့် အဆိုပါ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ အုပ်ချုပ်ရေးမှူးရုံးသို့ အရောက်လှမ်းခဲ့သည်။

ယင်းအုပ်ချုပ်ရေးရုံး တာဝန်ခံအရာရှိတစ်ဦး၏ လမ်းညွှန်မှုဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ရန်ကုန် တိရစ္ဆာန်ဥယျာဉ် (၁၀၁)နှစ်မြောက် မွေးနေ့ပွဲ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို တာဝန်ယူကျင်းပမည့် Event Master Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးအောင်ဆွေနှင့် တွေ့ဆုံခွင့်ရသည်။

အထက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းက စုံစမ်းမေးမြန်းကြည့်သည့်အခါ–

ဦးမိုးအောင်ဆွေက ပြောကြားသည်မှာ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) (၁၀၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စည်ကားသိုက်မြိုက်စွာ တာဝန်ယူ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပမည့်

အလုကားများဖြင့် တိရစ္ဆာန်ဥယျာဉ်အတွင်း ဤသို့ လှည့်လည်ကြသည်။

ကာလမှာ ဖေဖော်ဝါရီ၆ရက်မှ၁၀ရက်အထိ ဖြစ်ကြောင်း၊ ယင်းကို နံနက်၈နာရီမှ ညနေ ၆နာရီခွဲအထိ ကျင်းပမည်ဖြစ်ကြောင်း၊ဖျော်ဖြေရေးအစီအစဉ်များနှင့် ဆိုင်ခန်းပေါင်း၂၀၀ကျော် ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဦးစွာရှင်းလင်းပြောကြားသည်။

ဖျော်ဖြေရေးအစီအစဉ်

ဖျော်ဖြေရေး အစီအစဉ်အဖြစ် Music Festival တွင် အဆိုတော်ပေါင်း ၂၀၀ကျော်ပါဝင်မည်ဖြစ်ကြောင်း၊ Rock, Hip Hop, Pop, Reggae, R & Bစသောသီဆိုဖျော်ဖြေတင်ဆက်မှုများ၊ Dream Boatအဖွဲ့၏ ပရိသတ်စိတ်ဝင်စားမည့် ဂိမ်းကစားနည်း အမျိုးမျိုးနှင့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်များ၊ အတော်ဆုံး အကအဖွဲ့၏ ဖက်ရှင်နှင့် အကမျိုးစုံပါဝင်သည့် မော်ဒယ်ရှိုးပွဲများ၊ အကဖျော်ဖြေ တင်ဆက်မှုများ၊ တိရစ္ဆာန်များ၏ ဆပ်ကပ်ပြပွဲနှင့် မျက်လှည့်ပွဲများ၊ ကာတွန်း ပညာရှင်များ၏ ကာတွန်းဇာတ်လိုက်များ၏ လှည့်လည်ဖျော်ဖြေတင်ဆက်မှုများ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂီတဖျော်ဖြေတင်ဆက်မှု

ဂီတဖျော်ဖြေတင်ဆက်မှုအဖြစ် ဖွင့်ပွဲနေ့ ဖေဖော်ဝါရီ ၆ရက်တွင် Rock အဖွဲ့သားများဖြစ်သည့် Big Bag၊ The Ants၊ Wanted၊ Univalled၊ Icecream Idiots စသော အဆိုတော်များကလည်းကောင်း၊ ဒုတိယနေ့ ဖေဖော်ဝါရီ ၇ရက်တွင် Reggae & Mixအဖွဲ့သားများဖြစ်ကြသည့် စောဖိုးခွား၊ ဘရိတ်ကီ၊ ဇမ်နူး၊ ဖြိုးကြီး၊ ဟဲလေး၊ မီးမီးခဲ၊ ရတနာမိုင် စသော နာမည်ကြီး အဆိုတော်များက လည်းကောင်း၊ တတိယနေ့ ဖေဖော်ဝါရီ ၈ရက်တွင် Pop & Rock အဖွဲ့သားများဖြစ်ကြသည့် ချစ်ကောင်း၊ စည်သူလွင်၊ ဆောင်းဦးလှိုင်၊ ဖြူဖြူကျော်သိန်း၊ ချောစုခင်၊ ကဗျာဘွဲ့မှူး၊ ရွှေထိုက် စသော အဆိုတော်များက လည်းကောင်း၊ စတုတ္ထနေ့ ဖေဖော်ဝါရီ ၉ရက်တွင် Hip Hop အဖွဲ့သားများ ဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ၊ Theory၊ လင်းလင်း၊ ရဲလေး စသော အဆိုတော်များက လည်းကောင်း၊ နောက်ဆုံးနေ့ ဖေဖော်ဝါရီ ၁၀ရက်တွင် ဂီတပေါင်းစုံဖျော်ဖြေမှုအဖြစ် မျိုးကျော့မြိုင်၊ ရောသမမွေ၊ မေစံပယ်ညို၊ ဖြိုးကြီး အစရှိသော အဆိုတော်များက လည်းကောင်း အသီးသီး ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စင်တင်ဖျော်ဖြေပွဲများ၏ ဝင်ကြေးမှာ ကျပ်၁၅၀၀ သတ်မှတ်ထားသော်လည်း ကျန်ပျော်ပွဲရွှင်ပွဲများ အားလုံးကို အခမဲ့ကြည့်ရှုနိုင်မည် ဖြစ်ကြောင်း သိရသည်။

ကာတွန်းသရုပ်ဆောင်များ

အဆိုပါ ပွဲတော်တွင် ကာတွန်း သရုပ်ဆောင်များဖြစ်သည့် သမိန်ပေါသွပ်၊ တောင်ပုလုမြို့စားကြီး၊ အာတာလွတ်မြို့စာကြီး၊ ရှင်ဂွမ်းဂွိ၊ အရိုင်း၊ ဝက်ဝံကြီးပုံပုံ၊ ဦးစိတ်တို၊ ဘိုဘို၊ အီးတီ၊ ဦးကပ်စီးတို့ကလည်း ကာတွန်းဝတ်စုံများ ဝတ်ဆင်လျက် ကလေးငယ်များအကြိုက် ဘင်ခရာ တီးဝိုင်းဖြင့် လှည့်လည် ဖြေဖျော်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

လှည့်လည်

အဆိုပါ တိရစ္ဆာန်ရုံအတွင်း လှည့်လည် ကြည့်ရှုနိုင်ရန်အတွက် Buggyကား အလုစီးခြင်း၊ ဆင်စီးခြင်း၊

တိရစ္ဆာန်ဥယျာဉ်အတွင်း ဆိုက်ကားအလုများ ဖြင့် လည်ပတ်နိုင်ရန်လည်း ဤသို့ စီစဉ်ထားသည်။

မြင်းစီးခြင်း၊အလုဆင်ဆိုက်ကားစီးခြင်းတို့ဖြင့်လည်း စီစဉ်ထားရှိပေးထားကြောင်း သိရသည်။

တိရစ္ဆာန်အမျိုးပေါင်း

ယင်း ရန်ကုန် တိရစ္ဆာန်ဥယျာဉ် (၁၀၁)နှစ်မွေးနေ့ အထိမ်းအမှတ်ပွဲတော်တွင် ရှားပါးတိရစ္ဆာန်များနှင့် အတူ တိရစ္ဆာန် မျိုးစိတ်ပေါင်း ၁၅၀ ခန့် ပြသထားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြပွဲတာဝန်ယူ ခင်းကျင်းပြသည့် Event Master ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးအောင်ဆွေနှင့် တွေ့ဆုံအပြီး မြန်မာ့အလင်း သတင်းအဖွဲ့သည် တိရစ္ဆာန်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သေးသည်။

ပထမဦးစွာ တွေ့ရသည်မှာ သမင်ငယ်တစ်အုပ် တောင်ကုန်း တစ်နေရာတွင် စည်းလုံးညီညွတ်စွာ အုပ်စုဖွဲ့၍ နေကြသည်ကို တွေ့ရသည်။ ထိုမှ တစ်ဆင့် မိကျောင်းကန်သို့ ရောက်ရှိရာ မိကျောင်းကြီးလည်း အိပ်ချင်ယောင်ဆောင်နေသည်။ ယင်းမှ ကြံ့များရှိရာ နေရာသို့ ရောက်ရှိရာ ကြံ့ဖိုနှင့်ကြံ့မ နှစ်ကောင်သာရှိပြီး တစ်ကောင်နှင့် တစ်ကောင် ချစ်ချစ်ခင်ခင်ရှိကြသည်။

တစ်ဖန် ကုလားအုတ်ကြီးနေထိုင်ရာ နေရာအရောက်တွင် ကုလားအုတ်ကြီးသည် တုတ်တုတ်မလှုပ် ကျောက်ဆစ်ရုပ်ကဲ့သို့ ငြိမ်ချက်သား ကောင်းနေသည်။ ကုလားအုတ်ကြီးသည် လည်တထောင်ထောင်နှင့် ငါသာလျှင်အရပ်အမြင့်ဆုံးဟု ဂုဏ်ယူနေပုံရသည်။

အစာတောင်းနေသော ရေမြင်းများကိုလည်း ဤသို့ တွေ့ရသည်။

ယင်းမှတစ်ဖန် ရေမြင်းကန်သို့ အရောက်တွင် ရေမြင်းတို့ အစာရှာနေကြပြီ ဖြစ်သည်။ ထိုမှဆက်လက်၍ ဟိမဝန္တာ ဝက်ဝံများရှိရာ နေရာသို့ အရောက် ဝက်ဝံမည်းကြီးများ မာန်ဖီစိတ်ကြီးဝင်နေကြသည်။ ယင်းမှ တစ်ခါ မျောက်လွဲကျော်များကလည်း ဟိုဟိုဒီဒီခုန်ကူး၍ ဘာသာဘာဝ ပျော်မြူးနေကြသည်။

ဆင်ကြီးတွေလည်း ပြပွဲလာပရိသတ်အပေါင်းတို့အား ဆပ်ကပ်ပညာဖြင့် ဖျော်ဖြေတင်ဆက်နေသည့် မြင်ကွင်းကိုလည်း တွေ့လိုက်ရသေးသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ၊ အပန်းဖြေ အနားယူလိုသူများ၊ကျောင်းသား ကျောင်းသူများ၊ ပျော်ပွဲရွှင်ပွဲ ချစ်မြတ်နိုးသူများသည် **ရန်ကုန် တိရစ္ဆာန်ရုံ (၁၀၁) နှစ်မြောက် မွေးနေ့** အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတွင် တပျော်တပါး ပါဝင်ဆင်နွှဲလှည့်ပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မတ်တပ်ရပ် လမ်းလျှောက်ကြသည့် ဟိမဝန္တာဝက်ဝံများကိုလည်း ဤသို့ တွေ့ရသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်း မြင်တွေ့ခဲ့သော တောရိုင်းတိရစ္ဆာန်များ ဤသို့ စုစုစည်းစည်း နေကြသည်။

ဗောဓိတစ်ထောင်ကျောင်းတိုက်၊ကမ္ဘာ့အကြီးဆုံး ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဌာပနာတော် ထည့်သွင်းပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်တွင် တည်ထားပူဇော်အပ်သော ဉာဏ်တော်အမြင့် ၄၂၄ပေ၊ အထပ်ပေါင်း ၃၃ထပ်ရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော်ဘုရားကြီး၏မွေးနေ့ဖြစ်သည့် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၄ရက် (၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ရက်)တွင် တပည့် သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ ဦးစီး၍ ဌာပနာတော်ထည့်သွင်းပူဇော်ခြင်း၊ သံဃာတော် ၁၀၀၀၊ သီလရှင် ၁၀၀၀တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ အာဟာရဒါနဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် တပို့တွဲလပြည့် (ဖေဖော်ဝါရီ၁ရက်)တွင် အနယ်နယ် အရပ်ရပ်မှ ပင့်သံဃာတော် အရှင်မြတ်အပါး ၃၀၀တို့အား သံဃဒါန လောင်းလှူပူဇော်ခြင်း၊ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ ဓမ္မပူဇာသဘင်များ ဆင်ယင်ကျင်းပခြင်းတို့ဖြင့် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဥ်အတိုင်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်ပါ၍ တပည့်သာဝကများ အားလုံးတို့အား ဖိတ်ကြားအပ်ပါသည်။

နာယကဆရာတော်များ
မဟာဗောဓိတစ်ထောင်၊ မုံရွာ။

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ဆရာ ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)အား **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်က ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတော်နှင့် သာသနာတော် အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တပ်ကုန်းမြို့နယ်သူ မြို့နယ်သားများ(ရန်ကုန်)။



တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ရှုတင် မှတ်ပုံတင်အမှတ် BI – ၀၁၁၂၁၀၊ ၁၂/ဒဂန(နိုင်)၀၂၅၅၁၂၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လာပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်–**

အမှတ် ၇၊ ရတနာလမ်း၊မိကျောင်းကန်အပိုင်း(၃)၊သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း–၅၇၂၀၉၃၊ ၇၂၈၂၉၄၊ ၀၉–၅၀၁၅၇၉၅။



လူပျောက်ကြော်ငြာ

ထီးမူး(ကရင်မ) အသက် ၁၇ နှစ်သည် ၂၇–၁–၂၀၀၇ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူများ ဥပဒေအရ အရေးယူခြင်းခံရပါမည်။

ဆက်သွယ်ရန်–
ဖုန်း–၇၂၂၄၁၁။

အမည်ပြောင်း

ဦးကျော်ရွှေ၏သား မော်လမြိုင်မြို့ အထက (၆) ဆဋ္ဌမတန်း(က)မှ မောင်တိုးခန့်ကျော်အား မောင်တိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်တိုးခန့်။



သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မခင်မာချို ၁၀/မလမ(နိုင်) ၂၆၃၆၈၄သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးငွေဝင်း ၃/ဘအန(နိုင်)၀၉၂၄၄၅၊
ဒေါ်လှရီ ၃/ဘအန(နိုင်)၀၉၂၈၆၀။

မသက်ဆိုင်ပါကြောင်း

မောင်သန်းဇော် ၁၂/ဥကတ(နိုင်)၀၀၃၆၃၀သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် လုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝအသိအမှတ်မပြုပါကြောင်းနှင့်တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်ချို ၁၂/ဥကတ(နိုင်) ၀၂၃၁၄၅
ဒေါ်ခင်လေးမြင့် ၁၂/ဥကတ(နိုင်)၀၂၅၆၃၅။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဟန်သဥ္ဇာဇော်၏နိုင်ငံကူးလက်မှတ် အမှတ်–၄၆၆၄၃၀သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၈၀–၃၀၆၃၀။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ကံကောင်းခြင်း ပန်းကုမ္ပဏီ မှတ်ပုံတင်ကတ်ပြားမူရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ကိုအောင်သူရထွန်း ဖုန်း– ၅၅၂၆၁၆။**

သာယာမည် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

လောင်စာတွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

မြတ်လေးရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ရှင်ရဟန်းပြုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ကမာရွတ်မြို့နယ် မြတ်လေးရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဆရာတော်နှင့် အမှတ်(၄)၊ (၅)၊ (၆) ရပ်ကွက်များမှ ဒါယကာ ဒါယိကာမများကြီးမှူး၍ မြတ်လေးရုံကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၁၄)နှစ်ပြည့် အထိမ်းအမှတ်ရိုးရာထမနဲပွဲ၊ (၁၅) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ (၁၄)ကြိမ်မြောက် ရှင်ရဟန်းပြုပွဲ၊ ပဉ္စမအကြိမ်မြောက် ဓမ္မပူဇာပွဲ၊ တတိယအကြိမ်မြောက် အစီအစဉ်များကို ဇန်နဝါရီ၃၀ရက်မှစ၍ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

ဇန်နဝါရီ၃၀ရက်တွင် ဘဒ္ဒန္တသောဘဏာပဏ္ဍိတ(ဓမ္မာစရိယ)အဂ္ဂမဟာဂန္ထဝါစက၊ ၃၁ရက်တွင် ဘဒ္ဒန္တကောသလ(ဓမ္မစေတီ)မဟာဓမ္မာစရိယ ထေရဝါဒသာသနာပြုကျောင်းတိုက်၊ ဖေဖော်ဝါရီ၁ရက်တွင် တွံတေးအရှင်ဣန္ဒက မဟာစည်နယ်လှည့်ဓမ္မကထိကတို့၏ ဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ပြီး ရှင်ရဟန်းပြုပွဲတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသား၉၀ကို ရှင်သာမဏေအဖြစ်နှင့်ရဟန်းဝတ်ခြောက်ပါးကို သာသနာ့ဘောင်သွတ်သွင်းမည်ဖြစ်ရာလှူဒါန်းလိုသူများ မြတ်လေးရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဇန်နဝါရီ၂၄ရက်က လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော ဝေဒနာရှင်များအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ခင်နှင့် အဖွဲ့ဝင်များက ရောဂါဝေဒနာရှင်များသို့ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

(မိခင်နှင့်ကလေး)

အောင်စကြာဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အောင်စကြာတိုက် ကျောင်းဦးစီးပဓာနနာယကမဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဇန်နဝါရီ၃၁ရက်ညတွင် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်၊ ဖေဖော်ဝါရီ၂ရက် ညတွင် တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် ၈လမ်း ဦးမျိုးဝင်းမြင့်၏ ဓမ္မဒါနမဏ္ဍပ်၊ ၃ရက်၊ ၄ရက်၊ ၅ရက် ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ၅လမ်း၊ ၈ရက်ညတွင် လမ်းမတော်မြို့နယ် ၁၁ရပ်ကွက် လမ်းသစ်ရိပ်သာ၊ ၉ရက်ညတွင် လှိုင်သာယာမြို့နယ် မြေတိုင်း ၆/၇ မဟာဗန္ဓုလလမ်း၊ ၁၀ရက်ညတွင် ရွှေပြည်သာမြို့နယ် ၁၀ရပ်ကွက် သောကြာဆွမ်းလောင်း အသင်းဓမ္မာရုံရှေ့၊ ၁၂၊၁၃ရက်ညများတွင် ပဲခူးမြို့ ဥဿာမြို့သစ် ၂ရပ်ကွက် ဓမ္မစေတီနန်းဦးကျောင်းလမ်း၊ ၁၄၊၁၅၊၁၆ရက် ညများတွင် သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြို့မလမ်း မြောက် သာသနာ့ဝေပုလ္လ ဓမ္မာရုံ၊ ၁၇ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းအိမ်ရာ၁၈နှင့် ၁၉ရက် ညများတွင် ထန်းတပင်မြို့နယ် ကုန်းတန် ရိကျေးရွာ၊ ၂၀ရက် ညတွင် စမ်းချောင်းမြို့နယ် ရှမ်းလမ်း ဓမ္မာရုံ၊ ၂၁ရက် ညတွင် ရွှေပြည်သာမြို့နယ် ၃/၃၈(၁၈)ရပ်ကွက် သမာဓိလမ်း သွယ်၊ ၂၂၊၂၃ရက် ညများတွင် ဇလွန်မြို့ မာန်အောင်မြင် ပြည်တော်ပြန်ဘုရား ကိုးဘုံတန်ဆောင်း၊ ၂၄၊၂၅၊၂၆ရက် ညများတွင် ကျောင်းကုန်းမြို့နယ် မန်းတောရိုးရွာ၊ ၂၇ရက် ညတွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းရပ်ကွက် ရန်ကင်းရန်ရှင်းရန်ပြေလမ်းတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း–၀၁–၂၂၄၆၈၁၊၀၉–၅၁၁၈၅၃၀တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ချီးမြှင့်ပေးအပ်

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယ ပွဲတော်တွင် ပျော်ပွဲ ရွှင်ပွဲအဖြစ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် အလှခတ် ဖျော်ဖြေပွဲ ပါဝင်ရာ အလှခတ်ပြင်သစ်ပြန်ဇာနီမယ် ဖြူဖြူဝင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်းက ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင် ချီးမြှင့်ပေးအပ်စဉ်။

(၁၂၉)

ဘုတ်ပြင်းမြို့ အထက ပတ္တမြားကျောင်းဆောင်သစ်ဖွင့်

ဘုတ်ပြင်း ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပတ္တမြားကျောင်းဆောင်သစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်၊ မြို့နယ်ပညာရေးမှူးဒေါ်လှသန်းနှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမြင့်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ဒသမ ၇၅ ပေရှိသော သံကူကွန်ကရစ် သွပ်မိုးတစ်ထပ် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၈၀၀၀၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၄၇၅၃၆၀၀ နှင့် တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၏ လုပ်အားတန်ဖိုးငွေကျပ် ၁၆၈၅၀၀၀ တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလမင်းထင်ဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင် သစ်တောရေးရာအသင်း တံခွန်စိုက်ဆုဖလားဆွတ်ခူး

ဗန်းမော် ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင်တွင် (၁၉)ကြိမ်မြောက် ဗလမင်းထင်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီက ဗလမင်းထင်ဂေါက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးချစ်ဦးနှင့် စစ်ဘက်၊ နယ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်ကစား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးချစ်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဂေါက်သီးရိုက် ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို ၁၉ ရက်နှင့် ၂၀ ရက် နှစ်ရက်ကျင်းပရာ အသင်း ၂၀၊ အတွဲပေါင်း ၂၇ တွဲ၊ တစ်ဦးချင်း ပြိုင်ပွဲဝင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ဂေါက်သီးရိုက်အားကစားသမား ၁၂၆ဦးတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆုများပေးအပ်

ထို့နောက် ဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲကို ၂၀ ရက် ည ၇ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးချစ်ဦးတက်ရောက်၍ ကျေးဇူးတင်စကားပြောကြားပြီး တံခွန်စိုက်ဖလား ဆုရရှိသွားသော သစ်တောရေးရာအသင်းနှင့် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်သော အရှေ့လက်ခုပ်ပင် - အိုးတင်ကုန်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင် ရွက် ပြီးစီးမှုအခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးကုဌာန ရုံးအဆောက်အအုံသစ်အုတ်မြစ်ချ

ကျောင်းကုန်း ဇန်နဝါရီ ၁၂

တိုင်းရင်းဆေးကုဌာန ရုံးအဆောက်အအုံသစ် အုတ်မြစ်ချ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အဆိုပါ အဆောက်အအုံမြေကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးအဆောက်အအုံသစ်ကို တိုင်းရင်းဆေးကုဌာနတိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ ရပ်မိရပ်ဖ ဦးစိုးတင့်နှင့် တိုင်းရင်းဆေးခန်း ဖြစ်မြောက်ရေး ကော်မတီဝင် ဦးသိန်းမောင်တို့က ရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်မြစ်များ အသီးသီးချပေးကြသည်။

အဆိုပါ အဆောက်အအုံမှာ အလျားပေ ၃၀၊ အနံ ၃၄ ပေ၊ အမြင့် ၁၂ပေ၊ RC အုတ်ပတ်ကား၊ သမံတလင်းခင်း၊ သွပ်မိုးဖြစ်ပြီး နိုင်ငံတော်က ထောက်ပံ့ငွေ ကျပ်သိန်း ၃၀နှင့် ပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း၆၀ဖြင့်အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

(၂၆၅)

မြို့နယ် သတင်းများ

မီးသတ်ယာဉ် အင်ဂျင်ပြောင်းလဲတပ်ဆင် လွှဲပြောင်းပေးအပ်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဇန်နဝါရီ ၁၂

ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီက မြို့နယ် မီးသတ်ဦးစီးဌာနပိုင် တိုယိုတာ မီးသတ်ယာဉ်ကို ဓာတ်ဆီအင်ဂျင်မှ ဒီဇယ်အင်ဂျင်သို့ ပြောင်းလဲ တပ်ဆင်ပြီး လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်က မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး မီးသတ်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရွှေထွန်းသို့ လွှဲပြောင်းပေးအပ်သည်။

အားပေးကြည့်ရှု

ထို့နောက် ကော်မတီဥက္ကဋ္ဌဦးကြည်ဦးက လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်ပုံအကြောင်း ရှင်းလင်းပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်နှင့်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်၏ စက်စွမ်းရည် ကြံ့ခိုင်မှုကို သရုပ်ပြသရာ တက်ရောက်ကြသူများနှင့် ပြည်သူများက အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

သီးနှံပိုးမွှားရောဂါကာကွယ်နည်း ပညာပေးဆွေးနွေး ဆေးဖျန်းကိရိယာများဖြင့် ပက်ဖျန်းနည်း သရုပ်ပြ

ညောင်လေးပင် ဇန်နဝါရီ ၂၃

ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနတို့ ပူးပေါင်း၍ ပွှန်တန်ဆာစခန်း ဝဲဝန်းကျေးရွာအုပ်စု ကွင်းအမှတ်(၃၄၆-က)ရှိ တောင်သူ ဦးပွားမြင့်နှင့် ဦးအေးလွင်တို့၏ မတ်ပဲ စိုက်ခင်း ကိုးဧကတွင် သီးနှံပိုးမွှားရောဂါကာကွယ်နည်း ပညာပေးဆွေးနွေးပွဲနှင့် ဆေးဖျန်းကိရိယာများဖြင့် စနစ်တကျ ပက်ဖျန်းကာကွယ်နည်း သရုပ်ပြပွဲကို ဇန်နဝါရီ ၁၈ရက်က အဆိုပါစိုက်ခင်း၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနစိတ် မန်နေဂျာဦးမျိုးခင်က မတ်ပဲတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများအကြောင်းကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး ဆေးဖျန်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းကာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက တောင်သူ ဦးပွားမြင့်နှင့် ဦးအေးလွင်တို့၏ မတ်ပဲစိုက်ခင်း ကိုးဧကတွင် နမူနာဆေးဖျန်း ကာကွယ်မှုများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ညောင်လေးပင်မြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် ဆောင်းပဲမျိုးစုံစိုက်ဧက ၈၆၂၆၂ ဧကတွင် မတ်ပဲ ၈၀၀၄၁ဧက၊ ပဲတီစိမ်း ၁၈၁၇ဧကနှင့် အခြားပဲ ၄၄၀၄ဧက စိုက်ပျိုးထားလျက်ရှိရာ မတ်ပဲတစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀နှင့်အထက် ထွက်ရှိရေးအတွက် တာဝန်ရှိသူများက ဇန်နဝါရီ ၁၈ရက်မှ ၂၂ရက်အထိ သခွတ်ကုန်း၊ လေးအိမ်စု၊ အေးရွာ၊ ဝင်္ဂဘော်နှင့် ဂျို့ပင်အုပ်စုများသို့ ကွင်းဆင်း၍ ဒေသခံ ပဲစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(၁၃၄)**

မိုင်းယောင်းမြို့ ပျိုးဥယျာဉ်၌ ပန်းအလှပင်ပျိုးထောင်

မိုင်းယောင်း ဇန်နဝါရီ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၅ရက်က မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့်အရိပ်ရပင်များ ပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင် အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ရက်က စကားဝါလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စက်ရုံအလုပ်ရုံနှင့် ပြည်သူများအသက်အိုးအိမ်စည်းစိမ် မီးဘေးကင်းရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲ မန္တလေးဥပုသ်တော်ရပ်၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၀

ပွင့်လင်းရာသီတွင် နိုင်ငံပိုင်အလုပ်ရုံ စက်ရုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ မီးဘေးကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၁၀ ရက်က မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင် ဦးကျော်မင်း၊ ဦးဝင်းစိန်တို့လိုက်ပါလျက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ် စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၃၁)သို့ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိသည် အရောင်းဆိုင်အတွင်း မော်တော်ယာဉ်ပေါ်မှ ဆီသိုလှောင်ကန်အတွင်းသို့ ဆီဖြည့်တင်းမှု၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များ လောင်စာဆီရောင်းချနေမှု၊ မီးသတ်ဆေးဘူးထားရှိမှု၊ သဲပုံး၊ ရေပုံး၊ မီးချိတ်မီးကပ်ထားရှိမှု၊ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားမှု၊ ဆိုင်ပတ်ဝန်းကျင် လောင်စာအမှိုက်သရိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပမှု၊ အရိပ်ရအပင်များစိုက်ပျိုးထားမှု၊ အရေးပေါ်ဝင်ပေါက်၊ ထွက်ပေါက်၊ ရေအလွယ်တကူ ရရှိမှုများကို လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်သူက ဝန်ထမ်းများ တစ်ပိုင်တစ်နိုင် အရေးပေါ်မီးလောင်မှု ဖြစ်ပွားပါက ဆီမီး၊ ရိုးရိုးမီး၊ လျှပ်စစ်မီးများကို သက်ဆိုင်ရာ မီးသတ်ဆေးဘူးများဖြင့် ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့ သရုပ်ပြသပြီး၊ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၆၂)

ရန်ကုန်တိုင်း တာမွေ မြို့နယ် ကျောက်မြောင်း ဗညားဒလလမ်း အမှတ်(၃၁၄)နေ ဒေါ်အုန်းကြည်က (၈၇)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ရွှေစင်တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မြင်းခြံဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ် (၈၃) သစ်စက်တွင် မီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၁၆ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ဦးဇော်ဝင်းကျော်၊ စက်ရုံမှူး ဦးမောင်မောင်ခိုင်နှင့် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ တပ်စုမှူး ဦးရဲထွေးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြစဉ်။ (က-ပ)

တောင်တွင်းကြီးမြို့ ပုဏ္ဏဝတီလမ်းဘေး ဝဲယာတစ်လျှောက်တွင် မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဂုံဆရာတော် သစ္စာတရားဟောကြားမည်

အောင်လံ ဇန်နဝါရီ ၂၀

မကွေးတိုင်း အောင်လံမြို့နယ် သရက်မြို့ တည်င်မော်ကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို (တပို့တွဲလပြည့်ကျော် ၈ ရက်မှ တပေါင်းလဆန်း ၅ ရက်) ဖေဖော်ဝါရီ ၉ရက်မှ ၂၀ ရက် အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယနှင့် အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ကြံခင်းမြို့ဘက်ရဲ ရွှေဂုံကျောင်း ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ(ဓမ္မာစရိယ)အရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလဆန်း ၁၂ ရက်
၂၉-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့) (သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ တေးသွားလှလှ မဟာဂီတ
(၁) ဘွေကစ္စနာဘွဲ့ (သဇင်နွယ်)
(၂) စံရာဘုံမြင့်ကြိုး (ခင်သက်ညို)
(၃) ချစ်သမျှကိုနှင့် လွှဲမပစ်နိုင် ပတ်ပျိုး (ဝင်းဦး-တင်တင်မြ)
၁၃း၁၀ ပညာရေးအစီအစဉ် (ဒုတိယတန်း-စာရိတ္တနှင့် ပြည်သူ့နီတိ)

ညနေပိုင်း

၁၄း၅၀ **(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မကွေးတိုင်း။**
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇း၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ရေနံ့သာမှာမွေး၍ မြန်မာပြည်ကကျွေးသူ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ (မြင်းခြံစိန်ရဲနောင် ဆိုင်းအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လသာတဲ့ည (ခင်စိုးဝင်း)
(၂) အချစ်ဦးမောင့်ထံပြန်လာပါ (ဟင်္သာတအောင်တင်ဝင်း)
(၃) ယုံကြည်လျက်ပါ မောင့်မေတ္တာ (နွဲ့ယဉ်ဝင်း)

ဟင်္သာတမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ဟင်္သာတမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ပျဉ်းမချောင်း ညောင်ပင်ရပ် ဘောလုံးအသင်းအား ပထမဆု ဖလားနှင့် ငွေကျပ် တစ်သိန်းငါးသောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ချီးမြှင့်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းရီနှင့် နည်းပြ အုပ်ချုပ်သူတို့က လက်ခံယူကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပန်းပျိုးသူတို့အလင်္ကာ သမ္မတနှင့်သွင်၌ ပြသ မင်္ဂလာရုံ၌ Four Brothers ရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၂၇

ဒါရိုက်တာ ဟိန်းစိုး၏ ပန်းပျိုးသူတို့အလင်္ကာ ဇာတ်ကားမှာ သမ္မတ၊သွင်နှင့် နဝဒေးရုံ၌သာ ပြသတော့မည်ဖြစ်ပြီး မင်္ဂလာရုံ၌ Four Brothers အက်ရှင်ကား ရုံဝင်လာသည်။

ရှေ့ဆောင်ရုံတွင် ဂျိမ်းစ်ဘွန်းဇာတ်ကားCasino Royale တင်ဆက်နေပြီး နေပြည်တော်ရုံတွင် House of Flying Daggers တရုတ်သိုင်းကားဆက်လက်ပြသနေဆဲဖြစ်သည်။ ရွှေဂုန်ရုံအပေါ်ထပ်၌ Iron Eagle ဇာတ်ကားပြသနေပြီး မြေညီထပ်၌ အိန္ဒိယ နာမည်ကြီးမင်းသား မီသွန်းချာကရာဗာတီ ပါဝင်ထားသော Kaalia ဇာတ်ကား ရုံဝင်လာသည်။

မြို့မရုံတွင် ဆူနီးလ်ရှက်သီး၊ အရေးကူးမာရ်တို့ ခေါင်းဆောင်ပါဝင်ထားသည့် Awara Paagal Deewana ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာသည်။ ဘုရင့်ရုံတွင် တော်စပ်ခြင်း (သို့မဟုတ်) ပတ်သက်ခြင်းအမည်ရ Rishtey ရုံဝင်လာသည်။ မိဘမေတ္တာဘွဲ့ ဇာတ်ကားဖြစ်သည်။ ဆုထူးပန်ရုံတွင် ရိုသစ်ရိုရှမ်းနှင့် အမီရှာပာတေးတို့ ခေါင်းဆောင်ပါဝင်ထားသည့် Aap Mujhe Achche Lague lage ဇာတ်ကားပြသလျက်ရှိသည်။ ဥရောပတွင် သွားရောက်ရိုက်ကူးထားသော ဇာတ်ဝင်ခန်းများဖြင့် မြူးမြူးကြွကြွ ကြည့်ရမည့် ဇာတ်ကားဖြစ်သည်။

လူငယ်ဒါရိုက်တာ ဇာတ်ပုံ အဏ်ထော်ဏီ(မော်လမြိုင်)ရိုက်ကူးပြီး ရန်အောင်၊ သူထူးစံ၊ ဖြိုးငွေစိုး၊ ဥက္ကာမင်းမောင်၊ ဘုန်းလျှံ၊ ပြည့်စုံ၊ စိုင်းသီဟ၊ ကျော်ထက်၊ သာထက်၊ စိုးမြတ်နန္ဒာ၊ စိုးမိုးကြည်၊ စမ်းစမ်းအေးနှင့် ခင်ပြည့်စုံဝင်းတို့ပါဝင်ထားသော **ရန်ငြိုးမုန်တိုင်း** ဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ ကြမ်းကြမ်းရမ်းရမ်း ဇာတ်ကောင်များများ ပါဝင်ထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးပြီး ကျော်ရဲအောင်၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ လင်းလက်ဟိန်း၊ အာကာ၊ နွေးနွေးလှိုင်၊ ချစ်စနိုးဦးနှင့်ရဲအောင်တို့ ပါဝင်သရုပ်ဆောင်ထားသော **ဒုတိယမြောက် ဟန်းနီးမွန်း** ဗီဒီယိုဇာတ်ကားမှာ မကြာမီ နဝဒေးရုံတွင် ရုံဝင်လာမည်ဖြစ်သည်။ ငွေသောင်ယံတွင် ဟန်းနီးမွန်းထွက်ရေး မင်္ဂလာပွဲကျင်းပပုံကို ဟာသနှောကာ ရိုက်ကူးထားသော အချစ်ဟာသ ဇာတ်မြူးကား ဖြစ်သည်။

အိန္ဒိယရုပ်ရှင်ပွဲတော်

အိန္ဒိယရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရုပ်ရှင်ရုံတွင် မွန်းလွဲ ၃ နာရီခွဲနှင့် ညဝ၆ နာရီခွဲ တစ်နေ့ နှစ်ပွဲနှုန်းဖြင့် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ နေ့စဉ်ပြသသွားမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပန်းပျိုးသူတို့ အလင်္ကာမှ နေတိုးနှင့် နဝရတ်။

ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းလုပ်ငန်းများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်ရှုစစ်ဆေး ကွန်ကရစ်လုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၆ ရက် နံနက်ဂနာရီက နေပြည်တော်မှ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ တပ်မတော် လေယာဉ်ဖြင့် ရောက်ရှိရာ မုံရွာလေဆိပ်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

တက်ရောက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မုံရွာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်လေယာဉ်ဖြင့် ဟုမ္မလင်းမြို့သို့ သွားရောက်ကြပြီး လေဆိပ်၌ ဟုမ္မလင်းခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအားနှုတ်ဆက်၍ လုပ်ငန်းဆိုင်ရာများကို မေးမြန်းမှာကြားသည်။

ထို့နောက် ဟုမ္မလင်းမြို့ မြောက်ဘက် မိုင် ၃၀ ခန့်အကွာ တဇုန်း ကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ အကောင်အထည်ဖော် တည်ဆောက်သွားမည့် ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်းလုပ်ငန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင် ထမံသီခန်းမ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်း၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအပိုင်းက တာဝန်ယူဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်သော ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းနှင့် ဆက်နွယ်လုပ်ငန်းများ တည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း၊ ရေထုတ်မြောင်း၊ ရေပိုလွှဲနှင့် ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများ၊ အဆင့်လိုက် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများ၊ အသုံးပြုသွားမည့် စက်ယန္တရားများ၊ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေး လုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား တန်ဖိုးထားထိန်းသိမ်းမှုကို ပြလိုက်ခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။

ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ဖြစ်ပြီး တောင်အာဖရိကသမ္မတနိုင်ငံကလည်း ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သည်။ သုံးနိုင်ငံက ကြားနေမဲပေးခဲ့ပြီး ထောက်ခံမဲပေးခဲ့သောနိုင်ငံများမှာ အမေရိကန်နှင့် ဗြိတိန်အပါအဝင် ကိုးနိုင်ငံဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■